# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နတ်တော်လဆန်း (၁၄)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (3-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၁၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ မဲပေးခွင့်ရခြင်းက နိုင်ငံသားတစ်ဦးဖြစ်တဲ့ သင့်အတွက် အခွင့်အရေးတစ်ခုပါ။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

## ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိစွာအသုံးချ၍ ပန်းမြို့တော်အင်္ဂါရပ်နှင့်ကိုက်ညီအောင် ဖော်ဆောင်သွားကြရမည်ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☞



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်

## အယ်ဒီတာ့အာဘော်

# မြန်မာ U-17 အသင်း အောင်မြင်မှုများ ဆက်လက်ဆွတ်ခူးနိုင်ရေး

နိုင်ငံတစ်နိုင်ငံ၏အနာဂတ် ထွန်းလင်းတောက်ပဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံ၏တာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များသည် ကျန်းမာကြံ့ခိုင်၊ အရည်အချင်းပြည့်ဝနလုံးလှ၍ စိတ်ဓာတ်ကောင်းမွန်ကြရန်လိုအပ်သည်။ ထို့ပြင် နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အားကစားကဏ္ဍကို လည်း နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိတွင် အာရှဘောလုံးအဖွဲ့ချုပ်(AFC) မှ ကြီးမှူးကျင်းပခဲ့သည့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများ ၏ပွဲစဉ်များကို မြန်မာနိုင်ငံသည် အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပခဲ့သည်။ ၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ဆ)၏ ပြိုင်ပွဲ ပွဲစဉ်များကို နိုဝင်ဘာ ၃၀ရက် ညနေပိုင်းက ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဘောလုံးအားကစား ဝါသနာရှင်ပရိသတ် အင်အားသုံးသောင်းကျော်ဖြင့် ကွင်းလုံးပြည့် တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (ဆ) ၏ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားရာတွင် မြန်မာ U-17 အသင်း သည် အာဖကန်နစ္စတန်အသင်းကို ၃ ဂိုး-၁ ဂိုး၊ နီပေါအသင်းကို ၄ ဂိုး - ဂိုးမရှိ၊ အိုမန်အသင်းကို ၂ ဂိုး- ဂိုး မရှိ၊ ဆီးရီးယားအသင်းကို နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ကာ အုပ်စုတွင်းရမှတ် ၁၀ မှတ်ဖြင့် ခြေစစ်ပွဲ အောင်မြင်ခဲ့ကာ အုပ်စုပထမနေရာရရှိခဲ့သည်။

ယခုနှစ် မြန်မာ U-17 အသင်း၏ အာရှဖလား ခြေစစ်ပွဲအောင်မြင်မှုသည် ၂၀၀၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ခြေစစ်ပွဲအောင်နိုင်မှုပင်ဖြစ်ပြီး ၁၉ နှစ်ကြာဝေးကွာနေသည့် အာရှဖလားပြိုင်ပွဲသို့ တက်လှမ်းသွားနိုင်ခဲ့ခြင်းပင်ဖြစ်၍ မြန်မာ U-17 အသင်းအတွက် သမိုင်းဝင်နေ့ရက်တစ်ရက်ဖြစ်သည်။

ထိုသို့ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်နိုင်ခဲ့သော အာရှဖလားခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ U-17 အသင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငွေကျပ် သိန်း ၁၀၀၀ ဂုဏ်ပြုချီးမြှင့် ခဲ့သည်မှာ ကြားသိရသူအပေါင်း ဝမ်းသာပီတိဖြစ်ကြရသည်။

အားကစားမြှင့်တင်ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းနှင့် လူငယ်များ၏ စိတ်ဓာတ်များကို ပြုပြင်ပေးခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ ယခုကဲ့သို့ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်နိုင်ခဲ့သော အာရှဖလားခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ U-17 အသင်းကို နိုင်ငံတော်အကြီးအကဲက ထိုက်ထိုက်တန်တန် ချက်ချင်းဂုဏ်ပြုချီးမြှင့်ခြင်းသည် အားကစားသမားများ အတွက် ဘဝတစ်လျှောက်လုံး ပီတိအားဆေးတစ်ခွက်ပင်ဖြစ်သည်။

သို့ဖြစ်ရာ ဂုဏ်ပြုခံ မြန်မာ U-17 အသင်းမှ အားကစားသမားများက ၂၀၂၆ ခုနှစ် မေ ၇ ရက်မှ ၂၄ ရက်အထိ ဆော်ဒီအာရေဗျနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည့်အာရှ U-17 ပြိုင်ပွဲများတွင် မလျှော့သောခွဲ၊ ပြင်းပြသောလုံ့လ၊ ကြီးစွာသောဝီရိယတို့အပြင် စည်းလုံးညီညွတ်မှု၊ အနိုင်မခံ အရှုံးမပေး သည့်စိတ်ဓာတ်များဖြင့် အမိနိုင်ငံ၏ဂုဏ်ကိုဆောင်ရင်း အောင်ပွဲများဆွတ်ခူးလာနိုင်မည်ဟု ယုံကြည် ရေးသားအပ်ပါသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၂၅
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက် များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန် ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ ရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၈၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၈၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် မြေပဲ ၃၄၁၁၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၃၈၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မြေပဲဧက ၃၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်မည်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကြံခင်းမြို့နယ်တွင် ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ် ကောင်းမွန်နေ

**ကြံခင်း ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်တွင် ဒေသထွက် ကန်စွန်းဥများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ကြံခင်းမြို့နယ်တွင် ယခုနှစ် နိုဝင်ဘာလ တတိယပတ်မှ စတင်ပြီး ယနေ့ထိ ကန်စွန်းဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ကန်စွန်းဥ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အရောင်းအဝယ် ဖြစ်နေတဲ့ ကန်စွန်းဥတွေက အရည်အသွေး ကောင်းပါတယ်။ ပိုးမွှားအန္တရာယ် ကင်းရှင်းတာကိုလဲ တွေ့ရပါတယ်။ စားသုံးသူတွေ များတဲ့အတွက် အဝယ်လိုက်ပြီး အရောင်းအဝယ် ကောင်းနေတဲ့အခြေအနေ ဖြစ်ပါတယ်။ ကန်စွန်းဥတွေဟာ ဈေးကွက်ဝင်ထုတ်ကုန်ဖြစ်တဲ့အတွက် ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဒေသထွက်ကန်စွန်းဥတွေကို ရောင်းချရတာဖြစ်တဲ့အတွက် အဆင်ပြေပါတယ်"ဟု ကြံခင်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ကြံခင်းမြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းလာခြင်းသည် ကန်စွန်းဥနှင့်ဆက်စပ်သော ထုတ်ကုန်များဖြစ်သည့် ကန်စွန်းဥပြုတ်၊ ကန်စွန်းဥကြော်၊ ကန်စွန်းဥကိတ်မုန့် စသည့်စားသုံးမုန့်များအဖြစ် ပြုလုပ်ရောင်းချသူများက အဓိက ဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ်ကောင်းနေခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မော်လမြိုင်မြို့နယ် ကော့ပေါက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းနှင့် မြေထိန်းနံရံပြုလုပ်ခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မော်လမြိုင် ဒီဇင်ဘာ ၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကော့ပေါက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် မြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့်ဝန်ထမ်းများက ကော့ပေါက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် မြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် အညီအချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

အဆိုပါကျေးရွာ၌ လမ်း အရှည် ၇၇၅ ပေ၊ အကျယ် ၁၁ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် အရှည် ၇၇၅ ပေ၊ အကျယ် ခြောက်လက်မ၊ အမြင့် သုံးပေရှိ မြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၁၃၃ ဒသမ ၃၁၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် Silver Diamond Mon ကုမ္ပဏီမှ စက်တင်ဘာလတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် စစ်ကိုင်းမြို့ ဇေယျာမင်္ဂလာ မန်းတောကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရက အရုဏ်ဆွမ်းနှင့် ဆွမ်းပဒေသာပင် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၄၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၄၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၆၁၅၂ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၉၆၈ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၀၆၃ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ဧက ၂၃၇၀ စုစုပေါင်း ၄၄၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ၆၁၅၂ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ဒီနေ့မှာ ၄၄၀၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်ဖို့ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ စတဲ့နည်းပညာတွေ ဆောင်ရွက် ပေးနေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၇၀၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၁၄၅ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၁၃၀၂ ဧက စုစုပေါင်း ၆၁၅၂ ဧကတို့ ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်သီးနှံစုံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်ပြင် လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက် သီးနှံစုံကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၆ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ချောက်ခွဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၃ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၄ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၈ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကို ရန်ပုံငွေကျပ် ၄၆ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပုသိမ်မြို့နယ်တွင် ရက် ၉၀ ဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ရက် ၉၀ အမျိုးအစားဆန်များ ဝယ်ယူအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍သိရသည်။

ပုသိမ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေး ဈေးကွက်တွင် ယခုနှစ် နိုဝင်ဘာလ တတိယပတ်ကစတင်ပြီး ရက် ၉၀ ဆန် အမျိုးအစားများ ဝယ်ယူအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ရက် ၉၀ ဆန် အမျိုးအစားများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသဈေးကွက်မှ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခု ဒေသဈေးကွက်မှာ အခြားဆန်တွေထက် ရက် ၉၀ ဆန်က ဝယ်လိုအားကောင်းနေပါတယ်။ နိုဝင်ဘာလရဲ့ တတိယပတ်လောက်ကနေစပြီး အဝယ်လိုက်လာတာဖြစ်ပါတယ်။ ပြည်တွင်း ရန်ကုန်ဈေးကွက်ကလဲ ရက် ၉၀ ဆန်တွေ အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းလာတာပါ။ ပြည်တွင်းမှာ အဝယ်လိုက်နေတာကလဲ ပြည်တွင်းဆန်ကြိတ်လုပ်ငန်းနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည် လည်ပတ်လာလို့ပါ။ အရောင်းအဝယ် ကောင်းမွန်လာတော့ ဆန်၊ စပါး သိုလှောင်ထားတဲ့သူတွေ အဓိက အဆင်ပြေလာပါတယ်"ဟု ပုသိမ်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ပုသိမ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ရက် ၉၀ ဆန် အမျိုးအစား ၂၄ ပြည်ဝင် တစ်အိတ်လျှင်ငွေကျပ် ၁၀၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ ရက် ၉၀ ဆန် အမျိုးအစားများ ဝယ်လိုအား ကောင်းလာခြင်းကြောင့် ဆန်၊ စပါး သိုလှောင်ထားသည့် လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# နားတောင်းများမင်းနှင့် ဇေယျသွတ်ဘုရားကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)

ကမ္ဘာ့အမွေအနှစ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပုဂံခေတ်ကတည်းကရှိခဲ့သည့် ကျေးရွာများအနက် ယခုတိုင်မူလအမည်အတိုင်း ကျန်ရှိနေသည့်ရွာများသည် ဖွားစောရွာနှင့် မင်းနန်သူရွာတို့ဖြစ်သည်။

လက်ရှိအချိန်တွင် ဖွားစောရွာသည် အရှေ့ဖွားစောရွာနှင့် အနောက်ဖွားစောရွာဟု နှစ်ရွာတည်ရှိနေသည်။ ဖွားစောရွာနှစ်ရွာအနက် အရှေ့ဖွားစောရွာ၏တောင်ဘက်ပိုင်းတွင် ရှေးဟောင်းအဆောက်အအုံအနည်းငယ်ရှိ၍ အနောက်ဖွားစောရွာ၏ အနောက်ဘက်နှင့် အနောက်တောင်ဘက်တွင် များစွာသောရှေးဟောင်းအဆောက်အအုံများ ကျန်ရှိနေဆဲဖြစ်သည်။

အရှေ့ဖွားစောရွာ၏တောင်ဘက်တွင် အရွယ်အစား အလယ်အလတ်ရှိသည့် တစ်ထပ်လိုဏ်ဘုရားတစ်ဆူရှိသည်။ ထိုဘုရားကို ၁၃ ရာစုတွင် တည်ခဲ့သည်ဟု ပညာရှင်များကယူဆကြပြီး လက်ရှိအချိန်တွင် ပုဂံစေတီပုထိုးအမှတ်(၇၈၅)ဖြစ်သည်။ ဒေသခံများက ထိုဘုရားကို ဇေယျပွတ်ဘုရားဟုခေါ်ဆိုမှုများရှိခဲ့သဖြင့် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန ကမ္ပည်းကျောက်စာဌာနခွဲမှ သုတေသနလက်ထောက် ဦးငြိမ်းမောင်က ဘုရားအမည်သည် ကျောက်စာအထောက်အထားများအရ ဇေယျသွတ်ဖြစ်ကြောင်း ပြင်ဆင်ပေးခဲ့ကာ သူ၏ရှေးဟောင်းမြန်မာကျောက်စာများစာအုပ်များတွင် ဇေယျသွတ်ဘုရားဟု ဖော်ပြခဲ့သည်။

ဇေယျသွတ်ဘုရားတွင် ရှေးဟောင်းကျောက်စာလေးချပ်ကို တွေ့ရှိရပြီး ဘုရားမြောက်ဘက်တွင်ရှိသည့် ကျောက်စာသည် သက္ကရာဇ် ၆၂၇ ခုနှစ်တွင် ရေးထိုးသည့် စယ်ယသိန်လင်မယားကျောက်စာဖြစ်၍ အနောက်ဘက်တွင်ရှိသည့် ကျောက်စာသည် သက္ကရာဇ် ၅၇၃ ခုနှစ်တွင် ရေးထိုးသည့် ဇေယျသွတ်ဘုရားကျောက်စာဖြစ်သည်။ တောင်ဘက်တွင် တွေ့ရှိသည့် ကျောက်စာနှစ်ချပ်သည် သက္ကရာဇ် ၆ဝ၅ ခုနှစ်တွင် ရေးထိုးသည့် ဖုန်သည်မစသောသူတို့ကျောက်စာနှင့် သက္ကရာဇ် ၆၃၈ ခုနှစ်တွင် ရေးထိုးသည့် ဇေယျသွတ်ဘုရားကျောင်း ကျောက်စာတို့ဖြစ်သည်။

ထိုကျောက်စာလေးချပ်အနက် ဇေယျသွတ်ဘုရားကျောက်စာသည် ၇၇ စင်တီမီတာကျယ်၍ ၁၃၇ စင်တီမီတာမြင့်သည်။ ကျောက်စာကို နှစ်မျက်နှာရေးထိုးထားပြီး ကျောက်စာချပ်၏ အထူသည် ၁၆ စင်တီမီတာဖြစ်သည်။ ကျောက်စာရှေ့မျက်နှာတွင် စာကြောင်း ၃၇ ကြောင်း ရေးထိုးထားသည်။ ကျောက်စာအောက်ပိုင်းရှိ စာကြောင်းများကို အပြည့်အစုံ ဖတ်ရှုနိုင်ခြင်းမရှိပေ။ ထို့အတူ ကျောက်စာကျောဘက်ပါ စာသားများကို ရေးကူးနိုင်ခြင်းမရှိခဲ့ပေ။

ဇေယျသွတ်ဘုရား ကျောက်စာသည် နားတောင်းများမင်းဟု လူသိများသည့် ဥစ္စနာမင်း(၁၂၁၁-၁၂၃၁) နန်းတက်သည့် ရက်စွဲကို မှတ်တမ်းတင်ထားသဖြင့် ပုဂံဘုရင်များ၏ နန်းတက်နှစ်ကို ဖော်ထုတ်ရာတွင် ခိုင်မာသည့် အထောက်အထား တစ်ရပ်ဖြစ်ခဲ့သည်။

**ပုဂံဘုရင်နားတောင်းများမင်း**

ပုဂံဘုရင်များကို ပျဉ်ပြားမင်းမှ စတင်ရေတွက်ပါက နားတောင်းများမင်းသည် ၁၅ ဆက်မြောက် ဘုရင်ဖြစ်သည်။

နားတောင်းများမင်း၏အမည်သည် ဥစ္စနာဖြစ်၍ မြင့်မြတ်သော ကိုးကွယ်ရာပုဂ္ဂိုလ်(ဥစ္စနာထ)ဟု အဓိပ္ပာယ်ရသည်။ နားတောင်းများမင်းသည် ငယ်စဉ်မင်းသားဘဝတွင် နားတောင်းအမျိုးမျိုးကို လှပဆန်းကြယ်စွာဆင်ယင်လေ့ရှိသဖြင့် အမည်ရင်း ဥစ္စနာအပြင် နားတောင်းများဟုလည်း အမည်တွင်ခဲ့သည်ဟု အဆိုရှိသည်။ ထို့ကြောင့် ကျောက်စာတချို့တွင် နားတောင်းများမင်းကို နားတောင်းသခင်ဟု ရေးထိုးမှုများရှိခဲ့သည်။ နားတောင်းများမင်းခေါ် ဥစ္စနာမင်း၏ဘွဲ့အမည်သည် ဩိတြိဘဝနာဒိတျပဝရ ဓမ္မရာဇာဖြစ်သည်။ နားတောင်းများမင်း၏ မင်းသားဘဝက ဘွဲ့အမည်သည် ဇေယျသိခ်ဖြစ်သည်။

နားတောင်းများမင်းသည် ပုဂံဘုရင်နရပတိစည်သူ(၁၁၆၅-၁၂၁၁)နှင့် မိဖုရားစောမြကန်တို့၏ သားတော်ဖြစ်ပြီး ၁၁၇၂ ခုနှစ် မတ် ၉ ရက်တွင် ဖွားမြင်ခဲ့သည်။ နားတောင်းများမင်းသည် ပုဂံဘုရင် နရသူ(၁၁၆ဝ-၁၁၆၅)၏ မြေးတော်ဖြစ်သကဲ့သို့ အလောင်းစည်သူမင်း(၁၁၁၃-၁၁၆ဝ) ၏မြစ်တော်လည်းဖြစ်သည်။ အသက် ၃၉ နှစ်အရွယ် ၁၂၁၁ ခုနှစ်တွင် ခမည်းတော် နရပတိစည်သူကို ဆက်ခံကာ ပုဂံဘုရင်ဖြစ်လာခဲ့သည်။

နားတောင်းများမင်း၏မယ်တော်သည် တောင်နန်းစံမိဖုရားဖြစ်သဖြင့် တော်ဝင်နန်းဓလေ့မိဖုရားစဉ်အရ ပဉ္စမနေရာတွင်ရှိသည့် မိဖုရားဖြစ်သည်။ သို့သော် နားတောင်းများမင်းသည် ဝါစဉ်မြင့်သည့် အခြားမိဖုရားများ၏ သားတော်များကို ကျော်လွန်ကာ ပုဂံထီးနန်းကိုရရှိခဲ့သည်။ နားတောင်းများမင်း၏ ခမည်းတော် နရပတိစည်သူမင်းကြီးသည် သားတော်ငါးပါး၏အလယ်၌ ထီးဖြူစိုက်၍ မင်းပြုထိုက်သူသို့ ထီးဖြူညွတ်စေသောဟု အဓိဋ္ဌာန်ပြုခဲ့ရာ ထီးဖြူက သားတော်အငယ် မင်းသား ဇေယျသိခ်သို့ညွတ်သဖြင့် ပုဂံထီးနန်းကိုဆက်ခံခွင့်ရခဲ့ကာ ထီးလိုမင်းလိုမင်းဟုလည်းထင်ရှားသည်။ နားတောင်းများမင်းသည် ဘုရင်ဖြစ်လာချိန်တွင် ခမည်းတော်၏ အဓိဋ္ဌာန်ထီးဖြူညွတ်သည့်အရပ်၌ စူဠာမုနိဘုရားသဏ္ဍာန် ထီးလိုမင်းလိုဘုရားကို တည်ခဲ့သည်။

နားတောင်းများမင်းသည် ဘေးတော် ကျန်စစ်သားမင်း၏ ကနားတော်နေရာ၌ ပွတ်စေတီတစ်ဆူကို တည်ခဲ့ကြောင်း ရာဇဝင်ကျမ်းများတွင် ဖော်ပြထားရာ ထိုစေတီသည် ဇေယျပွတ်စေတီဟု ယူဆရသည်။ မင်းကြီးသည် စေတနာဘုရား (စစ်တနာဘုရား)၊ ကန်တော့ပလ္လင်နှင့် ဗောဓိဘုရားတို့ကို တည်ခဲ့သော်လည်း ဇေယျပွတ်ဘုရားကိုတည်ခဲ့သည့် အထောက်အထားမှတ်တမ်းကို မတွေ့ရပေ။

**ဇေယျသွတ်ဘုရားကျောက်စာ**

ဇေယျသွတ်(ဇေယသွတ္တိ)သည် နားတောင်းများမင်း၏ အမတ်တစ်ဦးဖြစ်သည်။ ဇေယျသွတ်ကျောက်စာသည် အမတ်ဇေယျသွတ်က ဘုရင့်ထံမှခွင့်ပြုချက်ရယူကာ သာသနာအတွက် မြေများလှူဒါန်းခဲ့သည့် မှတ်တမ်းကျောက်စာဖြစ်သည်။ ကျောက်စာပထမဆုံးစာကြောင်းတွင် သက္ကရာဇ် ၅၇၃ ခုနှစ် အာသိန်နှစ် တော်သလင်းလဆန်း ၁ဝ ရက် ကြာသပတေးနေ့တွင် ဥစ္စနာမင်းရွှေတောင်တက်၏ဟုရေးထိုးထားသည်။ ဥစ္စနာမင်းခေါ် နားတောင်းများမင်း၏ နန်းတက်ရက်ကို ကမ္ပည်းတင်ထားခြင်းဖြစ်သည်။

ပုဂံခေတ်တွင် မြေပိုင်ဆိုင်ကြသူများသည် တောမြေကိုရှင်း၍ဖြစ်စေ၊ မိဘထံမှ အမွေရ၍ဖြစ်စေ၊ မင်းကပေး၍ဖြစ်စေ၊ တရားနိုင်၍ဖြစ်စေ နည်းလမ်းအသွယ်သွယ်ဖြင့် မြေရှင်များဖြစ်လာခဲ့ကြသည်။ ထိုသူများသည် မြေရှင်ဟုဆိုသော်လည်း မြေကိုအမှန်တကယ်ပိုင်ဆိုင်ခြင်းမရှိဘဲ မြေရှင်အစစ်သည် ဘုရင်သာဖြစ်သည်။ ဘုရင်က မြေရှင်များကို ထိုမြေတွင် သီးနှံများစိုက်ပျိုးနိုင်သည့် အလုပ်လုပ်ကိုင်ခွင့်ကို ပေးထားခြင်းသာဖြစ်သည်။

ထို့ကြောင့် မြေရှင်များသည် မြေခွန်မြေခကို ဘုရင်ထံ နှစ်စဉ်ဆက်သွင်းကြရသည်။ မြေမှတစ်နှစ်တာထွက်ရှိသည့် ကောက်ပဲသီးနှံကို ရာခိုင်နှုန်းသတ်မှတ်လျက် အခွန်အခအဖြစ် ပေးဆောင်ကြရသည်။ သို့သော် သာသနာ့မြေဆိုပါက ဘုရင့်ထံ အခွန်ပေးဆောင်ရခြင်းမရှိဘဲ သာသနာ့မြေမှထွက်ရှိသည့်ကောက်ပဲသီးနှံအတွက် အခွန်ရာခိုင်နှုန်းကို သာသနာ့မြေရှင် ရဟန်းကရရှိသည်။

ဘုရင်သည် သာသနာ့မြေမှ အခွန်အခမရသဖြင့် မြေရှင်တစ်ဦးသည် သူ၏မြေကို သာသနာထံလှူဒါန်းလိုပါက ဘုရင်၏ခွင့်ပြုချက်ရရှိမှသာ လှူဒါန်းနိုင်သည်ဟု သတ်မှတ်ချက်ရှိသည်။

ထို့ကြောင့် အမတ်ဇေယျသွတ်သည် ဘုရင့်ထံမှ ခွင့်ပန်ပြီး ဟင်ရုံပအက်အရပ်၌ ရှိသည့် မိမိ၏မြေပယ် ၃ဝဝ ကို သက္ကရာဇ် ၅၈၅ ခုနှစ် ပြာသိုလဆန်း ၇ ရက် (၁၂၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်)၊ ကြာသပတေးနေ့တွင် သာသနာသို့ လှူဒါန်းခဲ့သည်။ ဇေယျသွတ်သည် ထိုမြေတွင်လုပ်ကိုင်စားခွင့်ကို ဘုရင့်ထံမှရရှိထားပြီးဖြစ်သော်လည်း သာသနာသို့ပေးလှူနိုင်ရန် ပုဂံဘုရင် နားတောင်းများမင်းထံမှခွင့်ပြုချက်ယူခဲ့ရသည်။

ပုဂံခေတ်တွင် သာသနာသို့မြေလှူလျှင် ဘုရင်ကိုယ်တိုင်ကြွရောက် ရေစက်ချခြင်းများရှိသကဲ့သို့ ဘုရင်က တာဝန်ပေးသည့်အမတ်တစ်ဦးက ဘုရင့်ကိုယ်စားရေစက်ချခြင်းများလည်းရှိခဲ့သည်။

ဇေယျသွတ်၏ သာသနာ့မြေအလှူအတွက် ပိုသူကြီးလေးဦးဖြစ်သည့် အမတ်သတျာ၊ အမတ်စင်ကြယ်၊ အမတ်ကြံမဖတ်၊ အမတ်သီရိက္ခန္ဒြပစ္စည်းတို့က အတက်စာရင်းတင်ကြောင်းကျောက်စာတွင် မှတ်တမ်းရေးထိုးထားသည်။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ပိုသူကြီးသည် တရားသူကြီးဖြစ်ကြောင်းနှင့် အတက်စာရင်းသည် ယခုခေတ်တွင် မှတ်ပုံတင်ခြင်းကဲ့သို့ဖြစ်နိုင်ကြောင်း ရှင်းလင်းရေးသားခဲ့သည်။

အမတ်ကြီး ဇေယျသွတ်၏ သာသနာ့မြေလှူပွဲသို့ ဘုရင်နားတောင်းများကိုယ်တိုင် မကြွရောက်ဘဲ ဘုရင့်ကိုယ်စား အမတ်အနန္တရစ်က ဆောင်ရွက်ပေးခဲ့ကြောင်း ကျောက်စာတွင် ဖော်ပြထားသည်။

အမတ်ဇေယျသွတ်သည် နောက်လေးနှစ်အကြာ သက္ကရာဇ် ၅၈၉ ခုနှစ် တန်ခူးလဆန်း ၇ ရက်(၁၂၂၈ ခုနှစ် မတ် ၁၃ ရက်) အင်္ဂါနေ့တွင် ဟင်ရုံပအက်အရပ်၌ရှိသည့် မြေပယ် ၄၅ဝ ကို သာသနာသို့လှူဒါန်းလိုကြောင်း ဘုရင့်ထံပန်ကြားခဲ့သည်။ ဘုရင်က "ဇေယျသွတ်ကား အသက်ကြီးလှ၏။ (သို့သော်) သူငယ်နှင့်ထပ်တူ နေ့၊ ညမရွေး အမှုတော်ကို ထမ်းဆဲဖြစ်သည်"ဟုဆိုကာ ဇေယျသွတ်၏ အလှူကို ခွင့်ပြုခဲ့သည်။

ဘုရင်၏အမိန့်တော်ကို သိင်္ဃရာဇာပိကြမ်က ဆောင်ရွက်၍ ပထမအကြိမ်မြေလှူစဉ်က အတက်စာရင်းတင်ခဲ့သည့် ပိုသူကြီးလေးဦးဖြစ်သည့် အမတ်သတျာ၊ အမတ်စင်ကြယ်၊ အမတ်ကြံမဖတ်၊ အမတ်သီရိက္ခန္ဒြပစ္စည်းတို့က အတက်စာရင်းတင်ခဲ့သည်။

**ဇေယျသွတ်၏ ဆုတောင်း**

အမတ်ဇေယျသွတ်သည် မြေ ၇၅ဝ ကို သာသနာသို့ လှူဒါန်းသည့်အတွက် မိမိ၏သခင်မင်းကြီး (နားတောင်းများမင်း)ကို နိဗ္ဗာန်ကိုရစေချင်ကြောင်း၊ မိမိကိုယ်တိုင်လည်း နိဗ္ဗာန်ကိုရောက်ချင်ကြောင်း ဆုတောင်းကာ ထိုမြေများကို ဘုရား၊ တရား၊ သံဃာအား လှူဒါန်းပါ၏ဟု ကျောက်စာရေးထိုးခဲ့သည်။ မိမိ၏အလှူသည် သာသနာ ငါးထောင်တိုင်အောင် တည်ရစ်စေသတည်းဟုလည်း တောင်းဆုပြုခဲ့သည်။ သို့သော် အမတ်ကြီး၏ ထိုဆုတောင်းသည် ၁၂၂၈ ခုနှစ်မှ ၁၂၃၅ ခုနှစ်ထိ ခုနစ်နှစ်သာခံခဲ့ပေသည်။

တောင်ပိုင်းဗုဒ္ဓဘာသာဝင်များသည် သာသနာငါးထောင်ကို ဘုရားရှင် ပရိနိဗ္ဗာန်ပြုသည့် ခရစ်တော်မပေါ်မီ ၅၄၄ ခုနှစ်မှ စတင်ရေတွက်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ရှင်းလင်းဖော်ပြခဲ့သည်။

ကျောက်စာတွင် သက္ကရာဇ် ၅၉၇ ခုနှစ် ဝါခေါင်လဆန်း ၄ ရက် (၁၂၃၅ ခုနှစ် ဇူလိုင် ၁၉ ရက်) ကြာသပတေးနေ့တွင် ကျစွာမင်းသည် ပုဂံဘုရင်ဖြစ်လာခဲ့ကြောင်း ဖော်ပြထားသည်။ ကျစွာမင်းသည် နားတောင်းများမင်းနှင့် မိဖုရားအိမ်တော်သည်တို့၏ သားတော်ဖြစ်သည်။ ကျစွာမင်းသည် အကြေအညာအရပ်၌တည်ရှိသည့် မဟာဒါန်မြေများကို သိမ်းယူကြောင်း ဇေယျသွတ်ကျောက်စာတွင် ဖော်ပြထားသည်။ ထိုမြေများတွင် အမတ်ဇေယျသွတ်လှူဒါန်းခဲ့သည့်မြေများလည်း ပါဝင်သွားခဲ့သည်။

ထို့ကြောင့် အမတ်ဇေယျသွတ်မြေလှူခဲ့သည့် ကျောင်းတွင်နေသည့် သံဃာများက ကျစွာမင်းကို တွေ့ဆုံ၍ ဇေယျသွတ်လှူခဲ့သည့် မဟာဒါန်မြေများသည် ဘုရားရှင်သို့ လှူခဲ့သည့် မြေများဖြစ်ကြောင်း မိန့်ကြားခဲ့ကြသည်။ စာမျက်နှာ ၅ သို့ á

❖ ဇေယျသွတ်ဘုရားတွင် ရှေးဟောင်းကျောက်စာ လေးချပ်ကို တွေ့ရှိရပြီး ဘုရားမြောက်ဘက်တွင်ရှိသည့် ကျောက်စာသည် သက္ကရာဇ် ၆၂၇ ခုနှစ်တွင်ရေးထိုးသည့် စယ်ယသိန်လင်မယားကျောက်စာဖြစ်၍ အနောက်ဘက်တွင်ရှိသည့် ကျောက်စာသည် သက္ကရာဇ် ၅၇၃ ခုနှစ်တွင် ရေးထိုးသည့် ဇေယျသွတ်ဘုရားကျောက်စာဖြစ်သည်။ တောင်ဘက်တွင်တွေ့ရှိသည့် ကျောက်စာနှစ်ချပ်သည် သက္ကရာဇ် ၆ဝ၅ ခုနှစ်တွင် ရေးထိုးသည့် ဖုန်သည်မ စသောသူတို့ကျောက်စာနှင့် သက္ကရာဇ် ၆၃၈ ခုနှစ်တွင်ရေးထိုးသည့် ဇေယျသွတ်ဘုရားကျောင်း ကျောက်စာတို့ဖြစ်သည်။ ထိုကျောက်စာလေးချပ်အနက် ဇေယျသွတ်ဘုရားကျောက်စာသည် ၇၇ စင်တီမီတာကျယ်၍ ၁၃၇ စင်တီမီတာမြင့်သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၄၈၁၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၈၇ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲတီစိမ်း ၄၄၈၁၈ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

ကျောက်စာပါ စာသားများအရ ပညာကြီးသော မင်းဖြစ်ရကား ကျစွာမင်းသည် အပြစ်ခပ်သိမ်းကိုဆင်ခြင်၍ ထိုမြေများကို မိမိ၏ခမည်းတော်(နားတောင်းများမင်း)က ပေးခဲ့သလောဟု စစ်စေခဲ့သည်။ ခမည်းတော်က ပေးခဲ့သည်မှန်လျှင် ဘုရားရှင်ရစေဟုဆိုခဲ့သည်။

ကျစွာမင်းသည် ဖေယျာသွတ်လှူခဲ့သည့်မြေများကို နားတောင်းများမင်းကြီးပေးခဲ့ခြင်းဟုတ်၊ မဟုတ်ကို မင်းဘထွေးတော် ရာဇသူနှင့် ကက်သူ၊ အမတ်တျာ၊ မဟာသမိန်၊ အမြိုက်လက်ယာ၊ အနန္တဖေယျာပိကြံနှင့် မဟာသက်ထိတ် ဟူသည့်အမတ်ခြောက်ဦးကို စစ်ဆေးစေခဲ့သည်။

စစ်ဆေးသူ အမတ်များက ဖေယျာသွတ်လှူခဲ့သည့် မြေများသည် ဘုရင် နားတောင်းများမင်း၏ခွင့်ပြုချက်ဖြင့် လှူခဲ့ခြင်းဖြစ်ကြောင်း ကျစွာမင်းကို လျှောက်တင်ခဲ့ကြသည်။ ထို့ကြောင့် ကျစွာမင်းသည် ဖေယျာသွတ်လှူခဲ့သည့်မြေများကို အမတ်များ၏ ရှေ့မှောက်တွင် ရေစင်သွန်းချကာ ပြန်လည်လှူဒါန်းခဲ့သည်။

ပုဂံခေတ်က ဘုရင်တစ်ပါး၏ ခွင့်ပြုချက်ဖြင့်လှူဒါန်းခဲ့သည့် သာသနာ့မြေသည် နောက်ဘုရင်တစ်ပါး လက်ထက်တွင်လည်း သာသနာပိုင်မြေအဖြစ်ပင် ဆက်လက်တည်ရှိခဲ့ပုံကို အမတ်ဖေယျာသွတ်ကျောက်စာတွင် ထင်ရှားစွာမှတ်တမ်းတင်ခဲ့ပေသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများ(ပဌမတွဲ)(ဦးငြိမ်းမောင်)**
- **မုံရွေးမဟာရာဇဝင်ကျော်(ပထမအုပ်)(အရိယာဝံသ အာဒိစ္စရံသီ)**
- **ဂံဂိုးဝ(ဒေါက်တာသန်းထွန်း)**
- **ပုဂံမင်းဆက်ရာဇဝင်သစ်(တင်နိုင်တိုး)**

## မသန်စွမ်းသူဖေးမကူ

\- ကံကုသိုလ် အခြေမလှတော့
လူ့ဘဝ အခက်ပွေ၊
လောကအလယ် ဒုက္ခဝဲဂယက်
တွဲဖက်လို့နေ၊
အမြင်မလှ ဘဝအခြေ
ရခဲ့ပေ တစ်သက်လုံး၊
လူချင်းတူ နွံနစ်လို့
လူဖြစ်ကရှုံး။

\- မသန်စွမ်းသူ ဘဝမဆုံးဖို့
အပြုံးများနှင့် ဖေးကာကူ၊
သူတို့လည်းလေ လူပဲပေမို့
မလဲအောင်ထူ၊
ရိုင်းပင်းကြ မငြူစူ
တန်းတူညီတူ အခွင့်တွေပေး၊
အားငယ်သူ အရေးလှဖို့
ဖေးမစို့လေး။

\- ကမ္ဘာမှာ ရက်မြတ်ရွေး
သတ်မှတ်ပေး အချိန်ခါ၊
ဒီဇင်ဘာ သုံးရက်နေ့
မမေ့အပ်ရာ၊
လှုံ့ဆော်ကြ နေရာတကာ
လေးစားကြင်နာ လက်တွေကမ်း၊
မသန်စွမ်းသူ တန်းတူအရေးကိုဖြင့်
လှမ်းကူပေး တတ်စွမ်းရာကို
မပြတ်တမ်းပညာ သင်ကြားပေးလို့
ဖေးမကူထမ်း။ ။

ပန်းမာလာ

# အိမ်မဲမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အိမ်မဲ ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းမကျေးရွာနှင့် သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကို၊ အိမ်မဲမြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အင်းမကျေးရွာနှင့် သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စီမံကိန်းဆိုင်ရာစာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အိမ်မဲမြို့နယ် အင်းမကျေးရွာနှင့် သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အထွေး**

# နိုင်ငံတကာ သတင်းများ

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်သို့ ထပ်မံလာရောက်ရန် အစ္စရေးဝန်ကြီးချုပ်ကို ဖိတ်ကြား



**ဂျေရုဆလင် ဒီဇင်ဘာ ၂**

မကြာမီကာလအတွင်း အိမ်ဖြူတော်သို့ လာရောက်ရန် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဖိတ်ကြားထားသည်ဟု အစ္စရေးဝန်ကြီးချုပ်ရုံးက ဒီဇင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါခရီးစဉ်သည် အမေရိကန်သမ္မတရာထူးကို သမ္မတဒေါ်နယ်ထရမ့် ဒုတိယအကြိမ်ရယူခဲ့ပြီးနောက်ပိုင်း အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟု၏ ပဉ္စမမြောက် ဝါရှင်တန်ခရီးစဉ်ဖြစ်လာလိမ့်မည်ဖြစ်သည်။


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဒီဇင်ဘာ ၁ ရက်တွင် အစ္စရေးဝန်ကြီးချုပ်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် အိမ်ဖြူတော်သို့ ထပ်မံလာရောက်ရန် ဖိတ်ကြားခဲ့ခြင်း ဖြစ်သည်။

ဒီဇင်ဘာ ၁ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် သမ္မတဒေါ်နယ်ထရမ့်နှင့် ဝန်ကြီးချုပ်နေတန်ယာဟုတို့သည် ဟားမတ်စ်အုပ်စုကို လက်နက်ဖြုတ်သိမ်းရေးနှင့် ဂါဇာကမ်းမြောင်ဒေသ တည်ငြိမ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

အစ္စရေးနှင့် ဂါဇာကမ်းမြောင်အခြေစိုက် ဟားမတ်စ်အုပ်စုတို့ကို အမေရိကန်အစိုးရ၏ ကြားဝင်မှုဖြင့် ယခုနှစ် အောက်တိုဘာလအတွင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူထားသည်။

ထို့ပြင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် အချက် ၂၀ ပါ ဂါဇာငြိမ်းချမ်းရေး အစီအစဉ်ကို ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ကြေညာထားကြောင်း သိရသည်။

Ref : RT
Trs : KKO



# ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန် တရုတ်နိုင်ငံသို့ သွားရောက်မည်

**ပဲရစ် ဒီဇင်ဘာ ၂**

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် ယခု ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံသို့ သွားရောက်မည်ဟု ပြင်သစ်သမ္မတရုံးက သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နိုင်ငံတကာ ကုန်သွယ်ရေးလောက မတည်မငြိမ်ဖြစ်နေချိန်၌ တရုတ်နိုင်ငံအပေါ် ကုန်သွယ်ရေးအရ အားပြုလာကြရသည့် ဥရောပနိုင်ငံများအနေဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် လုံခြုံရေးခြိမ်းခြောက်မှုများကို ဟန်ချက်ထိန်းရန် ကြိုးပမ်းနေရချိန်တွင် တရုတ်နိုင်ငံသို့ သွားရောက်ရန် ပြင်သစ်သမ္မတက စီစဉ်ထားခြင်းဖြစ်သည်။

သမ္မတမက်ခရွန် အနေဖြင့် သုံးရက်ကြာ တရုတ်နိုင်ငံခရီးစဉ်ကို ဒီဇင်ဘာ ၃ ရက်တွင် စတင်မည်ဖြစ်ကြောင်း ပြင်သစ်သမ္မတရုံး၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သမ္မတမက်ခရွန် အနေဖြင့် ဒီဇင်ဘာ ၄ ရက်တွင် ပေကျင်းမြို့၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ဆက်လက်၍ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ချန်ဒူးမြို့သို့ သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် ပြင်သစ်သမ္မတမက်ခရွန်၏ စတုတ္ထမြောက် တရားဝင် တရုတ်နိုင်ငံခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

ထို့ပြင် ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာနှင့် ဂျာမနီဝန်ကြီးချုပ် ဖရိုက်ရစ်မားဇ်တို့သည်လည်း လာမည့်နှစ် နှစ်စပိုင်းတွင် တရုတ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# နိုင်ဂျီးရီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး ရာထူးမှ နုတ်ထွက်

**အဘူဂျာ ဒီဇင်ဘာ ၂**

နိုင်ဂျီးရီးယား ကာကွယ်ရေးဝန်ကြီး မိုဟမ်မက် ဘာဒါရူ အဘူဘာကာသည် ကျန်းမာရေးအကြောင်းပြချက်ဖြင့် ရာထူးမှ နုတ်ထွက်သွားပြီ ဖြစ်ကြောင်း နိုင်ဂျီးရီးယားသမ္မတရုံးက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြခဲ့သည်။

နိုင်ဂျီးရီးယား နိုင်ငံတစ်ဝန်း လူအစုလိုက်အပြုံလိုက် ပြန်ပေးဆွဲခံရမှုများ မြင့်တက်လာချိန်တွင် ကာကွယ်ရေးဝန်ကြီး မိုဟမ်မက် ဘာဒါရူ အဘူဘာကာ ရာထူးမှ နုတ်ထွက်သွားခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း အများပြည်သူမြင်ကွင်းမှ ပျောက်ကွယ်နေခဲ့သည့် ကာကွယ်ရေးဝန်ကြီး ဘာဒါရူ အဘူဘာကာသည် ဒီဇင်ဘာ ၁ ရက်တွင် ကာကွယ်ရေးဝန်ကြီး ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားသမ္မတ ဘိုလာတီနူဘူသည် လူအစုလိုက်အပြုံလိုက် ပြန်ပေးဆွဲခံရမှုပြဿနာကို ကိုင်တွယ်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာအရ အရေးပေါ်အခြေအနေကြေညာထားသည်။

ကုလသမဂ္ဂ၏အဆိုအရ ယခုနှစ် နိုဝင်ဘာလမှစ၍ လက်ရှိအချိန်ထိ နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း၌ လူ ၄၀၂ ဦးထိ ပြန်ပေးဆွဲခံထားရကြောင်း သိရသည်။

အဆိုပါပြဿနာကို တုံ့ပြန်နိုင်ရေးအတွက် နိုင်ဂျီးရီးယားသမ္မတ တီနူဘူသည် ရဲတပ်ဖွဲ့ဝင်သစ်ဦးရေ ၅၀၀၀၀ ထိ ထပ်မံစုဆောင်းခေါ်ယူရန် စီစဉ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ယူကရိန်းအရှေ့ပိုင်း ပိုခရော့ဗ်မြို့ကို ရုရှားတပ်များ အပြည့်အဝထိန်းချုပ်

**မော်စကို ဒီဇင်ဘာ ၂**

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းရှိ ပိုခရော့ဗ်မြို့ကို ရုရှားတပ်များက အပြည့်အဝ ထိန်းချုပ်နိုင်ပြီဟု ရုရှားသမ္မတပူတင်က ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြခဲ့သည်။

ပိုခရော့ဗ်မြို့ ထိန်းချုပ်နိုင်မှုသည် ရုရှားတပ်များအတွက် အရေးကြီးသည့်အောင်ပွဲအဖြစ် ဂုဏ်ပြုခဲ့ပြီး ရုရှားအစိုးရ၏ စစ်ရေးရည်မှန်းချက်များ ပြည့်ဝရေးအတွက် အထောက်အကူပြုမည့် အောင်ပွဲဖြစ်ကြောင်း သုံးသပ်ခဲ့သည်။



ပိုခရော့ဗ်မြို့ကို ထိန်းချုပ်နိုင်ခဲ့ခြင်းကြောင့် ယူကရိန်းတပ်များ ထိန်းချုပ်ထားဆဲ ဖြစ်သော ဒွန်နက်ဒေသ မြို့ကြီးနှစ်မြို့ကို ဆက်လက် သိမ်းပိုက်နိုင်ရန် ရုရှားတပ်များအတွက် လမ်းပွင့်ခဲ့ပြီဖြစ်သည်။

ရုရှားတပ်များသည် ပိုခရော့ဗ်မြို့ကို ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီးနောက် ယင်းမြို့ကို သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် လူးဟန့်နှင့် ဒွန်နက်ဒေသများ ပေါင်းစပ်ထားသည့် ဒွန်းဘတ်စ်ဒေသကြီးတစ်ခုလုံးကို ထိန်းချုပ်နိုင်ရန်ရည်ရွယ်ထားသည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် ယူကရိန်းတစ်နိုင်ငံလုံး အကျယ်အဝန်း၏ ၂၀ ရာခိုင်နှုန်းနီးပါးထိ ထိန်းချုပ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# အရှေ့တရုတ်ပင်လယ်ပိုင်ဆိုင်ခွင့် အငြင်းပွားကျွန်းစုအနီး ဂျပန်နှင့်တရုတ် ကမ်းခြေစောင့်သင်္ဘောများ ထိပ်တိုက်ရင်ဆိုင်မှုဖြစ်

**တိုကျို ဒီဇင်ဘာ ၂**

အရှေ့ တရုတ်ပင်လယ်ဒေသ ပိုင်ဆိုင်ခွင့်အငြင်းပွား ကျွန်းစု ရေပြင်အတွင်း တရုတ်ကမ်းခြေစောင့်တပ်သင်္ဘောများနှင့် ဂျပန်ကမ်းခြေစောင့်တပ် သင်္ဘောများ ထိပ်တိုက်ရင်ဆိုင်မှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဆန်ကာကူကျွန်းစု ရေပြင်အတွင်းသို့ တရုတ်ကမ်းခြေစောင့်တပ်သင်္ဘောနှစ်စီး ဝင်ရောက်လာခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တရုတ်ကမ်းခြေစောင့်တပ်သင်္ဘောနှစ်စီးမှာ ဂျပန်ငါးဖမ်းသင်္ဘောတစ်စီးထံ ဦးတည်နေမှုကြောင့် ဂျပန်ကမ်းခြေစောင့်တပ်သင်္ဘောက သတိပေးမှုများပြုလုပ်ခဲ့ရကြောင်း ဂျပန်ကမ်းစောင့်တပ်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆန်ကာကူ ကျွန်းစုသည် တရုတ်နှင့်ဂျပန် နှစ်နိုင်ငံတို့ကြား ပိုင်ဆိုင်ခွင့် အငြင်းပွားနေသည့် ကျွန်းစုဖြစ်ပြီး ယင်းကျွန်းစုကို တရုတ်နိုင်ငံက တောင်ယုကျွန်းစုဟု အမည်ပေးထားသည်။

လက်ရှိတွင် ဆန်ကာကူ သို့မဟုတ် တောင်ယုကျွန်းစုကို ဂျပန်နိုင်ငံက ထိန်းချုပ်ထားကြောင်း သိရသည်။

ဆန်ကာကူကျွန်းစု ရေပြင်အတွင်း တရုတ်သင်္ဘောများ ဝင်ရောက်ကင်းလှည့်မှုကို တရုတ်ကမ်းခြေစောင့် တပ်ကလည်း အတည်ပြုထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံ ပေကျင်းမြို့တော် သိပ္ပံနှင့်နည်းပညာကော်မရှင်က အာကာသအခြေစိုက်သတင်းအချက်အလက်စင်တာတစ်ခုထားရှိရန် ရည်ရွယ်ထား



**ပေကျင်း ဒီဇင်ဘာ ၂**

တရုတ်နိုင်ငံ ပေကျင်းမြို့တော် သိပ္ပံနှင့်နည်းပညာကော်မရှင်သည် ကမ္ဘာမြေပြင်အထက် အမြင့် ကီလိုမီတာ ၇၀၀ နှင့် ၈၀၀ ကြား တွင် အာကာသအခြေစိုက် သတင်းအချက်အလက် စင်တာ တစ်ခုထားရှိရန် ရည်ရွယ်ထားကြောင်း ဒီဇင်ဘာ ၁ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါအာကာသအခြေစိုက် သတင်းအချက်အလက်စင်တာကို အဆင့်သုံးဆင့်ခွဲ၍ ၂၀၃၅ ခုနှစ် အရောက်တွင် အပြီးတည်ဆောက်မည်ဖြစ်သည်။

အဆိုပါအာကာသ အခြေစိုက် သတင်းအချက်အလက်စင်တာကို ပေကျင်းသိပ္ပံနှင့်နည်းပညာကော်မရှင်၏ဦးဆောင်မှုဖြင့် ပေကျင်း Astro-Future အာကာသသိပ္ပံအင်စတီကျူက တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အာကာသအခြေစိုက် သတင်းအချက်အလက် စင်တာအတွက် ပထမဆုံးစမ်းသပ်ဂြိုဟ်တုကို ယခုနှစ်ကုန်ပိုင်း သို့မဟုတ် ၂၀၂၆ ခုနှစ် နှစ်စပိုင်းတွင် လွှတ်တင်မည်ဖြစ်ကြောင်း ပေကျင်းမြို့တော်သိပ္ပံနှင့် နည်းပညာကော်မရှင်တာဝန်ရှိသူများက ပြောကြားသည်။

အာကာသအခြေစိုက်သတင်းအချက်အလက်ဗဟိုဌာနကို တည်ဆောက်ရာတွင် လူ့ဉာဏ်ရည်တုနည်းပညာ(အေအိုင်)ကဲ့သို့ အဆင့်မြင့်နည်းပညာများ ထည့်သွင်းတည်ဆောက်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါအာကာသအခြေစိုက် သတင်းအချက်အလက်ဗဟိုဌာန တည်ဆောက်ရေး စီမံကိန်းတွင် ပေကျင်းအခြေစိုက် နည်းပညာကုမ္ပဏီ ၂၄ ခုတို့လည်း ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinxua News

Trs : KKO

## ဘန်နူးဂြိုဟ်သိမ်ကျောက်သားနမူနာများထဲတွင် Tryptophan ခေါ် အမိုင်နိုအက်စစ်တစ်မျိုး ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၂**

ဘန်နူးအမည်ရှိ ဂြိုဟ်သိမ်ကျောက်သား နမူနာများထဲတွင် Tryptophan ခေါ် အမိုင်နိုအက်စစ်တစ်မျိုးကို ရှာဖွေတွေ့ရှိကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၁ ရက်တွင် ရေးသားဖော်ပြထားသည်။

Tryptophan ခေါ် အမိုင်နိုအက်စစ်သည် သက်ရှိများဖြစ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သော ဖွဲ့စည်းပုံ ရှုပ်ထွေးသိမ်မွေ့သည့် အမိုင်နိုအက်စစ်တစ်မျိုးဖြစ်သည်။

နာဆာသိပ္ပံပညာရှင်များသည် အဆိုပါအမိုင်နိုအက်စစ်ကို အောစီးရစ်-ရက်စ်အာကာသယာဉ်က ရယူပေးထားသော ဘန်နူးဂြိုဟ်သိမ် နမူနာကျောက်သားထဲတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။



ဘန်နူးဂြိုဟ်သိမ်သည် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးအသုံးပြုကြရသည့် အမိုင်နိုအက်စစ် ၂၀ အနက် ၁၄ မျိုးထိ ပိုင်ဆိုင်ထားကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ဘန်နူးဂြိုဟ်သိမ်သည် နေအဖွဲ့အစည်း စတင်ပေါ်ထွက်ခါစကပင်ရှိခဲ့သည့် ဂြိုဟ်သိမ်ဖြစ်ပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံကျော်ထိရှိသည်။

နာဆာ၏ အောစီးရစ်-ရက်စ် အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို ၂၀၂၀ ပြည့်နှစ်တွင် ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဘာတီလီခြေထောက်ကျောက်ဖြစ်ရုပ်ကြွင်းကို ပိုင်ဆိုင်သည့် လူတူပုရိုင်းမိတ်မျိုးစိတ်ကို သိပ္ပံပညာရှင်များက ဖော်ထုတ်

**ဝါရှင်တန် ဒီဇင်ဘာ ၂**

ဘာတီလီခြေထောက် (Burtele Foot)ခေါ် သက်တမ်းအားဖြင့် နှစ်ပေါင်း ၃ ဒသမ ၄ သန်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းကို ပိုင်ဆိုင်သည့် လူတူပုရိုင်းမိတ်မျိုးစိတ်ကို သိပ္ပံပညာရှင်များ ဖော်ထုတ်နိုင်ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ အရီဇိုးနားတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဘာတီလီခြေထောက်ကျောက်ဖြစ်ရုပ်ကြွင်းကို Australopithecus deyiremedia ခေါ် လူတူပုရိုင်းမိတ်မျိုးစိတ်တစ်မျိုးက ပိုင်ဆိုင်သည်။

Australopithecus deyiremedia လူတူပုရိုင်းမိတ်များသည် မျောက်ဝံများ၏လက္ခဏာများနှင့် လူသားတို့၏လက္ခဏာများ ရောထွေးနေသော ရှေးဦးလူတူပုရိုင်းမိတ်တစ်မျိုးဖြစ်သည်။

ဘာတီလီခြေထောက်ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားအရ လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၅ သန်းနှင့် ၃ ဒသမ ၄ သန်းကြား ကာလအတွင်း ယနေ့ခေတ် အီသီယိုးပီးယားနိုင်ငံ၌ Australopithecus deyiremedia များသည် အခြားလူတူပုရိုင်းမိတ်တစ်မျိုးဖြစ်သည့် Australopithecus afarensis တို့နှင့်အတူ ယှဉ်တွဲနေထိုင်ခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဘာတီလီခြေထောက်ကျောက်ဖြစ်ရုပ်ကြွင်းကို အီသီယိုးပီးယားနိုင်ငံ အရှေ့မြောက်ပိုင်း အက်ဖာဒေသဘာတီလီနယ်မြေ၌ ၂၀၀၉ ခုနှစ်တွင် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၁၉၇၄ ခုနှစ်တွင် အက်ဖာဒေသမှာပင် တူးဖော်တွေ့ရှိခဲ့ရသည့် ကမ္ဘာကျော် လူစီကျောက်ဖြစ်ရုပ်ကြွင်းသည် Australopithecus deyiremedia အုပ်စုဝင် လူတူပုရိုင်းမိတ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## အပူလှိုင်းကျရောက်မှုမြင့်တက်ခြင်းကြောင့် ဆီးချို၊ နှလုံးရောဂါရှိ သက်ကြီးလူနာများ အသက်ဆုံးပါးနိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် ဒီဇင်ဘာ ၂**

ရာသီဥတုပြောင်းလဲမှုပြဿနာများနှင့်အတူ အပူလှိုင်းများ ပိုမိုကျရောက်လာမှုကြောင့် ဆီးချိုရောဂါ သို့မဟုတ် နှလုံးရောဂါရှိသူသက်ကြီးပိုင်းများကြား အသက်ဆုံးပါးမှုနှုန်း မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဒီဇင်ဘာ ၁ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ ရာသီဥတုအေးသည့်ကာလများနှင့် နှိုင်းယှဉ်ပါက အပူဒဏ်ပြင်းထန်သောကာလများအတွင်း နှလုံးရောဂါနှင့် ဆီးချိုရောဂါအခံရှိသူ သက်ကြီးလူနာများ အသက်ဆုံးပါးနိုင်ခြေမှာ ၄၄ ရာခိုင်နှုန်းမြင့်တက်လာနိုင်ကြောင်း၊ အပူဒဏ်သည် ဆီးချိုရောဂါနှင့် နှလုံးရောဂါကဲ့သို့ ရောဂါများရှိနေသည့် သက်ကြီးပိုင်းများအတွက် ပြဿနာတစ်ရပ်ဖြစ်နေကြောင်း သိရသည်။

ထို့ပြင် သွေးတိုးနှင့် ဆီးချိုကဲ့သို့ နှလုံးရောဂါနောက်ခံအကြောင်းတရားများရှိနေသည့် သက်ကြီးပိုင်းများသည်လည်း အပူလှိုင်း ကျရောက်စဉ်အတွင်း အသက်ဆုံးပါးနိုင်ခြေ မြင့်မားနေတတ်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် လူပေါင်း ၁၃၆၀၀ ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## လူမှုမီဒီယာသုံးစွဲမှုကို ကန့်သတ်ခြင်းဖြင့် စိတ်ကျန်းမာရေးပြဿနာကို လျှော့ချနိုင်

**နယူးယောက် ဒီဇင်ဘာ ၂**

အရွယ်ရောက်လူငယ်များအနေဖြင့် လူမှုမီဒီယာသုံးစွဲမှုကို သီတင်းတစ်ပတ်ကြာမျှ ရပ်နားထားခြင်းဖြင့် စိတ်ကျန်းမာရေးပြဿနာများကိုလျှော့ချရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား ဒီဇင်ဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ဟားဗက်ဆေးကျောင်းမှ သုတေသနပညာရှင်များသည် အသက် ၁၈ နှစ်နှင့် ၂၄ နှစ်ကြား လူငယ် ၂၉၅ ဦးတို့ဖြင့် လူမှုမီဒီယာသုံးစွဲမှု သီတင်းတစ်ပတ်ကြာ ကန့်သတ်ထားပြီး စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် စမ်းသပ်မှုတွင်ပါဝင်သူများတွင် စိုးရိမ်သောကဝင်ရောက်မှုပြဿနာ ၁၆ ဒသမ ၁ ရာခိုင်နှုန်းထိကျဆင်းသွားပြီး စိတ်ကျဝေဒနာလက္ခဏာများသည်လည်း ၂၀ ရာခိုင်နှုန်းကျော်ထိ ကျဆင်းသွားသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် လူမှုမီဒီယာသုံးစွဲမှုကို သီတင်းတစ်ပတ်ကြာ ကန့်သတ်ခြင်းဖြင့် ညပိုင်းအိပ်မရနိုင်မှုပြဿနာကိုလည်း ၁၄ ရာခိုင်နှုန်းကျော်ထိ လျှော့ချနိုင်ကြောင်း၊ သို့ရာတွင် လူမှုမီဒီယာများသုံးစွဲမှုကန့်သတ်ခြင်းဖြင့် ရရှိသည့် စိတ်ကျန်းမာရေးပြဿနာအကျိုးကျေးဇူးများမှာ လူတိုင်းအတွက် တစ်သမတ်တည်း မဖြစ်နိုင်ကြောင်း၊ လူမှုမီဒီယာသုံးစွဲမှုကန့်သတ်ခြင်းသည် စိတ်ကျန်းမာရေးပြဿနာများကို လျှော့ချရာတွင် အထောက်အကူပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ
## အားကစားသတင်းများ

# အီကွေဒေါကလပ်မှ ကစားသမားနှစ်ဦးကိုခေါ်ယူရန် အာဆင်နယ်အသင်း သဘောတူညီမှုရရှိ

လန်ဒန် ဒီဇင်ဘာ ၂

အာဆင်နယ်အသင်း နည်းပြ အာတီတာက အီကွေဒေါကလပ် အင်ဒီပန်ဒီယန်တီအသင်းမှ လူငယ်ကစားသမားများဖြစ်သည့် အက်ဝင်နှင့် ဟိုဂါတို့ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၅ နှစ်ရှိ အက်ဝင်နှင့် အသက် ၁၆ နှစ်ရှိ ဟိုဂါတို့နှစ်ဦးသည် အင်ဒီပန်ဒီယန်တီအသင်း လူငယ်အကယ်ဒမီထွက် ကစားသမားများဖြစ်ပြီး တောင်ပံတိုက်စစ်ပိုင်းနှင့် ကွင်းလယ်တိုက်စစ်ပိုင်းတို့တွင် ပါဝင်၍ ခြေစွမ်းပြကစားနေသောကြောင့် နည်းပြအာတီတာက ရေရှည်စီမံကိန်းအတွက် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လက်ရှိအာဆင်နယ်အသင်းတွင် လူငယ်ကစားသမားများ ဖြစ်သည့် စကယ်လီ၊ အန်ဝါရီ၊ ဒိုမန်းတို့သည်လည်း ပွဲထွက်ခွင့်ရရှိထားသဖြင့် အက်ဝင်နှင့် ဟိုဂါတို့ နှစ်ဦးသည် နည်းပြအာတီတာ၏ စီမံကိန်းကို လက်ခံပြီး ပြောင်းရွှေ့ရန် သဘောတူခဲ့ခြင်းဖြစ်သည်။

လူငယ်ကစားသမား နှစ်ဦးသည် အာဆင်နယ်အသင်းနှင့် အပြီးသတ်ဆွေးနွေးမှုများပြုလုပ်ရန် လန်ဒန်မြို့သို့ရောက်ရှိနေပြီး ယခုရက်သတ္တပတ်အတွင်း တရားဝင်ထုတ်ပြန်မည်ဖြစ်သော်လည်း ကစားသမားများအနေဖြင့် အသက် ၁၈ နှစ်ပြည့်မြောက်သည့် ၂၀၂၇ ခုနှစ် ဩဂုတ်လရောက်မှသာ အာဆင်နယ်အသင်းနှင့် ပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။

အီကွေဒေါကလပ်အသင်းများမှ ကစားသမားများသည် ပြီးခဲ့သည့်နှစ်များအတွင်း ကစားပုံတိုးတက်လာခဲ့ရာ ထိပ်သီးကလပ်အသင်းများ၏ စိတ်ဝင်စားမှုခံခဲ့ရပြီး ချဲလ်ဆီးအသင်းသို့ စတာလင်ပေါင် ၁၁၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည့် ကိုင်စီဒိုနှင့် လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့ခဲ့သည့် ဟင်ကာပီတို့သည် ကမ္ဘာ့အဆင့် ကစားသမားများအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML




## အားကစားသတင်းအတိုအထွာများ

- မန်စီးတီးအသင်းမှ ဂိုးသမားထရက်ဖို့ဒ်နှင့် အော်တီဂါတို့ နှစ်ဦးသည် ပွဲကစားခွင့်ရရန် ခက်ခဲနေသဖြင့် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း သိရသည်။
- စပါးအသင်းက ဂျူဗင်တပ်အသင်း ခံစစ်ကစားသမား ဘရီမာကို ခေါ်ယူရန်ဆုံးဖြတ်ထားသော်လည်း ဂျူဗင်တပ်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ကျော် တောင်းဆိုထားသောကြောင့် ခေါ်ယူရန် အခက်တွေ့နေကြောင်း သိရသည်။
- ပဲလေ့စ်အသင်းမှ ခံစစ်ကစားသမားဂူဟီကို လီဗာပူးအသင်းအပြင် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းကပါ ခေါ်ယူရန် ပြင်ဆင်နေသောကြောင့် အပြိုင်ကမ်းလှမ်းရဖွယ်ရှိနေကြောင်း သိရသည်။

ML

# Northern Palmyra Trophies ချန်ပီယံဆုကို မျက်ဒဗျက်ဦးဆောင်သည့် Sphinxes အသင်းက ဆွတ်ခူး

စိန့်ပီတာစဘတ် ဒီဇင်ဘာ ၂

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပခဲ့သည့် Northern Palmyra Trophies တင်းနစ်ပြိုင်ပွဲတွင် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်ဦးဆောင်သည့် Sphinxes အသင်းက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Tennis World သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Sphinxes အသင်းတွင် ရုရှားတင်းနစ်ကစားသမားများဖြစ်သည့် မျက်ဒဗျက်၊ ကာချန်နော့ဗ်၊ ကူဒါမီတိုဗာ၊ ယူလီယာတို့ပါဝင်ပြီး ပြိုင်ဘက်အသင်းဖြစ်သည့် Lions အသင်းတွင် ကာဇက်စတန်တင်းနစ်ကစားသမား ဘူဘလစ်၊ နယ်သာလန်တင်းနစ်ကစားသမား ဂရစ်စပူ၊ ရုရှားတင်းနစ်ကစားသမား ပိုတာပိုဗာ၊ ဒိုင်ယာနာတို့ပါဝင်သည်။

Sphinxes အသင်းက Lions အသင်းကို (၁၀၅၊ ၁၀၁) ရမှတ်ဖြင့် အနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။



မျက်ဒဗျက်သည် Northern Palmyra Trophies တင်းနစ်ပြိုင်ပွဲတွင် ၂၀၂၀ ပြည့်နှစ်က နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့ပြီး ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပါဝင်ယှဉ်ပြိုင်ခြင်းမရှိသည့်အတွက် ဝေဖန်မှုများစွာဖြင့် ရင်ဆိုင်နေရသူဖြစ်သည်။

မျက်ဒဗျက်က "ကျွန်တော် အနေနဲ့ စိန့်ပီတာစဘတ်မြို့မှာ ကျင်းပတဲ့ ပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်း မရှိပါဘူး။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဝေဖန်မှုများစွာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ဘာသဘောနဲ့မှ ပါဝင်ယှဉ်ပြိုင်ဖို့ ငြင်းဆန်ခဲ့တာ မဟုတ်ပါဘူး။ ဒီနှစ်မှာတော့ မဖြစ်မနေပါဝင်ယှဉ်ပြိုင်မယ်ဆိုပြီး ဆုံးဖြတ်ခဲ့တာပါ။ ပြန်လည်ပါဝင်လာတဲ့နှစ်မှာ ကျွန်တော် ဦးဆောင်တဲ့အသင်းက အခုလို ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis World

Trs : AZL

# ကင်မရွန်းနည်းပြ ဒေးဗစ်ပါဂူးက အာဖရိကဖလားပြိုင်ပွဲဝင်မည့် အသင်းကစားသမားစာရင်းမှ ဂိုးသမား အိုနာနာကို ချန်လှပ်

ရအွန်ဒီ ဒီဇင်ဘာ ၂

ကင်မရွန်းအသင်း နည်းပြ ဒေးဗစ်ပါဂူးက လာမည့် အာဖရိကဖလားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အသင်းကစားသမား စာရင်းကို ထုတ်ပြန်ခဲ့ရာ ဂိုးသမားအိုနာနာကို ချန်လှပ်ခဲ့ကြောင်း The Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ ဒေးဗစ်ပါဂူးသည် ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင်ကျင်းပမည့် အာဖရိကဖလား ပြိုင်ပွဲအတွက် ကစားသမားစာရင်း ထုတ်ပြန်ရာတွင် ဂိုးသမားအိုနာနာကို အံ့အားသင့်ဖွယ် ချန်လှပ်ခဲ့ခြင်းဖြစ်သည်။

အိုနာနာသည် အင်တာမီလန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ပြီးနောက် လက်စွမ်းပြသနိုင်ခြင်းမရှိဘဲ အမှားအယွင်းများစွာ ကျူးလွန်လေ့ရှိသောကြောင့် မန်ယူအသင်းက ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက တူကီယဲကလပ် ထရန်ဇွန်စပေါအသင်းထံ အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ခြင်းဖြစ်သည်။

အိုနာနာသည် ထရန်ဇွန်စပေါအသင်းတွင်လည်း လက်စွမ်းပြသနိုင်ခြင်းမရှိသေးဘဲ ရုန်းကန်နေရသောကြောင့် နည်းပြ ဒေးဗစ်ပါဂူး၏ အာဖရိကဖလား ပြိုင်ပွဲဝင်ရောက်မည့် ကင်မရွန်းအသင်း ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရခြင်း ဖြစ်သည်။

အိုနာနာသည် ကင်မရွန်းအသင်းတွင် ၂၀၁၅ ခုနှစ်မှစတင်ပြီး ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ (အာဖရိကဇုန်) အုပ်စုပွဲစဉ်များထိ အဓိကဂိုးသမားတစ်ဦးအဖြစ် ပါဝင်ခဲ့ကာ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၅ ပွဲထိ ပါဝင်ကစားထားသူဖြစ်ကြောင်း သိရသည်။

Ref : The Mirror

Trs : STA

# ကာမာဗင်ဂါကို ရီးရဲလ်မက်ဒရစ်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၇၀ သတ်မှတ်

လန်ဒန် ဒီဇင်ဘာ ၂

လီဗာပူးအသင်းက အသင်း ကွင်းလယ်ပိုင်းအတွက် လာမည့် ဇန်နဝါရီ ကစားသမားအပြောင်း အရွှေ့ကာလတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ကာမာဗင်ဂါကိုခေါ်ယူရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၂ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ပယ်ချပြီး ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၇၀ သတ်မှတ်ခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်း အရွှေ့ကာလက စတာလင်ပေါင် သန်း ၄၀၀ ကျော် အသုံးပြုပြီး ကစားသမားသစ်များ ခေါ်ယူထားသော်လည်း အသင်းကွင်းလယ်ပိုင်း သည် လိုအပ်ချက်များရှိနေသောကြောင့် ရလဒ်များ ဆက်တိုက်ဆိုးရွားနေပြီး လာမည့် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင်လည်း ပြောင်းရွှေ့ကြေး အများအပြားအသုံးပြု၍ ကွင်းလယ်ပိုင်းကို အင်အားဖြည့်တင်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။




လီဗာပူးအသင်းသည် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလက လေဗာကူဆင်အသင်းမှ ကွင်းလယ်ကစားသမား ဖလိုရီယန်ဝက်ဇ်ကို မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့သော်လည်း ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့်အတွက် နောက်ထပ် ကွင်းလယ်ကစားသမား တစ်ဦးကို ခေါ်ယူရန် ကြိုးပမ်းနေခြင်း ဖြစ်သည်။

ကာမာဗင်ဂါသည် နည်းပြဟောင်း အန်ဆယ်လော့တီ လက်အောက်တွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့သော်လည်း နည်းပြအလွန်ဆို လက်အောက်တွင် ချူအာမန်နီနောက်မှသာ ဒုတိယဦးစားပေးကစားသမားအဖြစ် ပါဝင်ခွင့်ရနေသူဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းက ကာမာဗင်ဂါကိုရောင်းချရန် ဆုံးဖြတ်ထားသောကြောင့် လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းက ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : One Football

Trs : STA

## ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးဘောလုံးအသင်း ထိုင်းနိုင်ငံသို့ရောက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၂**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ အမျိုးသမီးဘောလုံးအသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ထွက်ခွာခဲ့ရာ ယနေ့ ညနေပိုင်းတွင် အသင်းတည်းခိုရာ ထိုင်းနိုင်ငံ ချွန်ဘူရီမြို့ရှိ Classic Kameo ဟိုတယ်သို့ရောက်ရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းနည်းပြ ယူကီတက်ဆူရှီက ပဏာမရွေးချယ်ထားသည့် ကစားသမားများမှ သုံးဦး လျှော့ချကာ အပြီးသတ် ကစားသမား ၂၅ ဦးကို ရွေးချယ်ခဲ့ပြီး ပြည်ပကလပ်အသင်းများတွင် ကစားနေသည့် ကစားသမားများအဖြစ် မေထက်လူနှင့် ဝင်းသီဂီထွန်းတို့ ပါဝင်လာခဲ့သည်။

မြန်မာ အမျိုးသမီးအသင်း အပြီးသတ် ကစားသမားစာရင်း၌ ဂိုးသမားများနေရာတွင် မျိုးမြမြငြိမ်း၊ ဇူးလတ်နဒီ၊ အိစန္ဒာဇော်၊ ခံစစ်ကစားသမားများ နေရာတွင် ဖြူဖြူဝင်း၊ ဖွေးဖွေး၊ ယုယုနိုင်၊ နှင်းပွင့်အေး၊ လင်းလဲ့ဦး၊ ဖွန်ယုယဦး၊ မေသက်မွန်မြင့်၊ ကွင်းလယ်ကစားသမားများနေရာတွင် ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ နော်ထက်ထက်ဝေ၊ လင်းမြင့်မိုရ်၊ သန်းသန်းနွယ်၊ ရှုပါခိုင်၊ ဝင်းဝင်း၊ ယွန်းဝတီလှိုင်၊ တိုက်စစ်ကစားသမားများ နေရာတွင် မေထက်လူ၊ စန်းသော်သော်၊ ရွှေရည်ထွန်း၊ မြတ်နိုးခင်၊ ဝင်းသီဂီထွန်းတို့ ပါဝင်လာခဲ့ကြသည်။

မြန်မာ အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အုပ်စုပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၅ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဖိလစ်ပိုင်အသင်း၊ ဒီဇင်ဘာ ၈ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မလေးရှားအသင်း၊ ဒီဇင်ဘာ ၁၁ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်အသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။ STA

## မန်ယူအသင်းတိုက်စစ်ကစားသမား ကွန်ဟာ ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်ဖွယ်ရှိ

**မန်ချက်စတာ ဒီဇင်ဘာ ၂**

မန်ယူအသင်း အဓိကတိုက်စစ် ကစားသမားတစ်ဦး ဖြစ်သည့် ကွန်ဟာသည် တံကောက်ကြော ဒဏ်ရာမှ ပြန်လည်သက်သာလာပြီး အသင်းနှင့်အတူ လေ့ကျင့်ခန်းများ အပြည့်အဝလုပ်ဆောင်နိုင်ပြီဖြစ်သည့်အတွက် ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင်ပြန်လည်ပါဝင်နိုင်ဖွယ်ရှိကြောင်း Sport Mole သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွန်ဟာသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဝုဗ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး မန်ယူအသင်းတွင် နည်းပြ အာမိုရင် လက်အောက်၌ အဓိက ကစားသမားအဖြစ် ပွဲထွက်ကစားခွင့်ရနေသူဖြစ်သည်။

ကွန်ဟာသည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက နိုင်ငံတကာ ခြေစမ်းပွဲစဉ်များကစားရန် ဘရာဇီးအသင်းနှင့်ပူးပေါင်းစဉ် နိုဝင်ဘာ ၁၉ ရက်က တူနီးရှားအသင်းနှင့် ဘရာဇီးအသင်းတို့ ပွဲစဉ်တွင် ဒဏ်ရာရပြီး အနားယူနေခဲ့ရသူ ဖြစ်သည်။

ကွန်ဟာသည် ဒဏ်ရာကြောင့် မန်ယူအသင်းနှင့်အတူ ပြီးခဲ့သည့် အဲဗာတန်အသင်း၊ ပဲလေ့စ်အသင်းတို့နှင့် ပွဲစဉ်များတွင် လွဲချော်ခဲ့သော်လည်း ယခုအခါ ဒဏ်ရာမှ ပြန်လည်သက်သာလာပြီး ကြံ့ခိုင်မှု ပြန်လည်ပြည့်ဝနေပြီဖြစ်သည့်အတွက် လာမည့် ဒီဇင်ဘာ ၅ ရက်တွင် ကစားမည့် ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင် ပြန်လည် ပါဝင်နိုင်ဖွယ် ရှိနေကြောင်း သိရသည်။

ကွန်ဟာသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းတွင် နည်းပြ အာမိုရင်လက်အောက်၌ အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရနေသော်လည်း ပြိုင်ပွဲစုံ ၁၁ ပွဲကစားပြီးချိန်တွင် တစ်ဂိုးသာ သွင်းယူခဲ့ပြီး ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

Ref : Sport Mole
Trs : STA



## Andalucia Costa del Sol Open de Espana ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ပြင်သစ်ဂေါက်သီးရိုက်မယ် နက်စတာစီယာ ဆွတ်ခူး

**အန်ဒါလူစီယာ ဒီဇင်ဘာ ၂**

စပိန်နိုင်ငံတွင် ကျင်းပခဲ့သည့် Andalucia Costa del Sol Open de Espana ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြင်သစ်ဂေါက်သီးရိုက်မယ် နက်စတာစီယာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက် လျှော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သြစတြေးလျ ဂေါက်သီးရိုက်မယ် ရက်ဂီလေက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက် လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး သြစတြေးလျဂေါက်သီးရိုက်မယ် ဘာနန်နက်အပါအဝင် ပြိုင်ပွဲဝင် လေးဦးက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

နက်စတာစီယာသည် ပထမနေ့တွင် ရလဒ်ဆိုးရွားခဲ့သော်လည်း ဒုတိယနေ့မှ နောက်ဆုံးနေ့ထိ အကောင်းဆုံး စွမ်းဆောင်ခဲ့ပြီး ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ကစားသမားဘဝ သက်တမ်း တစ်လျှောက် ပထမဆုံး ဆွတ်ခူးခဲ့သည့် ဆုဖလားဖြစ်ပြီး နက်စတာစီယာက “ကျွန်မဘဝအတွက် ပထမဆုံးဆွတ်ခူးခဲ့တဲ့ ဆုဖလားဖြစ်ပါတယ်။ အခုလို ကစားသမားဘဝအတွက် ပထမဆုံးဆုဖလားကို ဆွတ်ခူးနိုင်လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီဆုဖလားဟာ ကျွန်မရဲ့ ကစားသမားဘဝအတွက် အမှတ်ရစရာ အထိမ်းအမှတ်တစ်ခုဖြစ်ပါတယ်။ ဒီအောင်မြင်မှုဟာ နောက်ထပ်အောင်မြင်မှုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့အတွက် ခွန်အားတစ်ခုဖြစ်ပါတယ်။ အောင်မြင်မှုရဲ့ အရသာကို သိသွားတဲ့အတွက် နောက်ထပ် အောင်မြင်မှုတွေကို လိုချင်လာပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RTE
Trs : AZL

## တီအိုဖီမိုက စတီဗင်ဆင်နှင့် WBO စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ် ထိုးသတ်မည်ဖြစ်ကြောင်း ထုတ်ပြန်

**နယူးယောက် ဒီဇင်ဘာ ၂**

WBO စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား တီအိုဖီမိုသည် WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စတီဗင်ဆင်နှင့် ထိုးသတ်သွားမည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



တီအိုဖီမိုသည် အဆိုပါ လက်ရှိ ချန်ပီယံစိန်ခေါ်ပွဲကို ဇန်နဝါရီ ၃၁ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ထိုးသတ်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

တီအိုဖီမိုသည် ရှုံးပွဲတစ်ပွဲသာ ရှိသေးသည့် လက်ဝှေ့သမား တစ်ဦးဖြစ်သကဲ့သို့ စတီဗင်ဆင်သည်လည်း ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားဖြစ်ပြီး ဝိတ်တန်း ချိန်ညှိထိုးသတ်ကြမည့် ပွဲစဉ်ဖြစ်သည့်အတွက် လက်ဝှေ့လောကတွင် အကောင်းဆုံးပွဲစဉ်တစ်ပွဲ ဖြစ်လာနိုင်သည်။

တီအိုဖီမိုက လက်ရှိချန်ပီယံကို သေချာပေါက် ကာကွယ်နိုင်မည်ဟု ယုံကြည်နေကြောင်း ပြောကြားသကဲ့သို့ စတီဗင်ဆင်ကလည်း ၎င်းသည် တီအိုဖီမိုထက် လယ်ဗယ်တစ်ဆင့် မြင့်မားနေကြောင်း ပြောကြားခဲ့သည်။

စတီဗင်ဆင်က “ကျွန်တော်နဲ့ တီအိုကြားမှာ လယ်ဗယ်ကွာဟချက်တွေရှိနေတယ်ဆိုတာကို အားလုံး သိအောင် ဒီစိန်ခေါ်ပွဲမှာ သေချာပေါက်ပြသွားမယ်။ ကျွန်တော်ဟာ လက်ရှိကမ္ဘာ့အကောင်းဆုံးဆိုတာကို တီအိုသိအောင် ပြသွားမယ်။ ဇန်နဝါရီ ၃၁ ရက်မှာ တီအိုအတွက် သင်ယူစရာတွေကို ကျွန်တော်ပြသသွားမှာ ဖြစ်ပါတယ်။ အဲ့ဒီနေ့မှာ သူ့အနေနဲ့ သင်ယူစရာတွေ ရှိနေသေးပါလားဆိုတာ သိအောင် ကျွန်တော်လုပ်ပြမယ်။ ကျွန်တော့်ရဲ့ရည်မှန်းချက်က မတူညီတဲ့ ဝိတ်တန်းတွေမှာ ကမ္ဘာ့ချန်ပီယံဆုတွေကို ဆွတ်ခူးနိုင်ဖို့ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fight Mag
Trs : AZL

## ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသား ဖူဆယ်အသင်း အပြီးသတ်ကစားသမားစာရင်း ထုတ်ပြန်

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာအမျိုးသားဖူဆယ်အသင်း နည်းပြ Pattaya Piamkum က ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဖူဆယ် ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အပြီးသတ် ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသားဖူဆယ်အသင်းကို အသင်းမန်နေဂျာ ဦးနိုင်သောင်းထိုက်နှင့်အတူ နည်းပြအဖွဲ့ဝင် ငါးဦး ပါဝင်မည်ဖြစ်သည်။

မြန်မာအမျိုးသားဖူဆယ်အသင်း အပြီးသတ် ကစားသမားစာရင်း၌ ဂိုးသမားများနေရာတွင် မိုင်စိုးမြတ်ထွေး၊ ကျော်ဇင်မျိုးဦး၊ မျိုးကိုကိုဦး၊ ကစားသမားများအဖြစ် မျိုးမြင့်စိုး၊ မင်းခန့်၊ အောင်ကျော်ဖြိုးသက်ထွန်း၊ ငြိမ်းမင်းစိုး၊ ကိုကိုလွင်၊ မင်းခန့်သူ၊ ဆက်ဝေယံ၊ နိုင်လင်းထွန်းကျော်၊ စိုင်းပြုံးအောင်၊ ထွန်းထွန်းဝင်း၊ ထူးဝေယံ၊ ထွန်းအောင်ကျော်တို့ ပါဝင်ခဲ့ကြသည်။

မြန်မာအမျိုးသားဖူဆယ်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၁၅ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် အင်ဒိုနီးရှားအသင်း၊ ဒီဇင်ဘာ ၁၆ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် အိမ်ရှင် ထိုင်းအသင်း၊ ဒီဇင်ဘာ ၁၇ ရက် မြန်မာစံတော်ချိန် ည ၇နာရီတွင် မလေးရှားအသင်း၊ ဒီဇင်ဘာ ၁၉ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ဗီယက်နမ်အသင်းတို့နှင့် အသီးသီး ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ STA

# လူမှုဘဝမြှင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများမြှင့်တင်ပေး

"မသန်စွမ်းသူ"ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိနေသူကို ခေါ်ဆိုသည်။ ကုလသမဂ္ဂ၏ မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးသဘောတူစာချုပ်တွင် "မသန်စွမ်းသူဆိုသည်မှာ ပတ်ဝန်းကျင်ရှိ အတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ အပြည့်အဝ ထိရောက်စွာပါဝင်ဆောင်ရွက်မှု မပြုနိုင်သော ကိုယ်ခန္ဓာပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်းဆိုင်ရာ ရေရှည်ချို့ယွင်းချက်ရှိသူများ"ဟု ဖော်ပြထားရှိသည်။

**နှစ်စဉ်ကျင်းပ**

၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ကုလသမဂ္ဂ မသန်စွမ်းသူများဆိုင်ရာ ကမ္ဘာ့လုပ်ငန်းစဉ်တွင် မသန်စွမ်းသူများကို ကြိုတင်ကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ အပြည့်အဝပါဝင်ခွင့်နှင့် တန်းတူရပိုင်ခွင့်ရရှိမှုတို့ တိုးမြှင့်နိုင်ရန်အတွက် ကမ္ဘာ့ပထမဆုံးသော မသန်စွမ်းရပိုင်ခွင့်ကိုအခြေခံသည့် ကမ္ဘာလုံးဆိုင်ရာ နည်းဗျူဟာချမှတ်နိုင်ခဲ့သည်။ ဆက်လက်၍ ၁၉၉၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသည့် ၄၇ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ဆုံးဖြတ်ချက်အပိုဒ် (၄၇/၃)အရ အဆိုပါဗျူဟာချမှတ်ခဲ့သော ဒီဇင်ဘာ ၃ ရက်ကို "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့"အဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံသည် မသန်စွမ်းသူများကို စာနာထောက်ထားရေး၊ စိတ်ဓာတ်မြှင့်တင်ပေးရေး၊ ဂုဏ်သိက္ခာမြှင့်တင်ပေးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ထွက်ပေါ်လာစေရေးတို့အတွက်ရည်ရွယ်၍ "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့"ကို သတ်မှတ်ကျင်းပခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ဆောင်ပုဒ်သည် "လူမှုဘဝမြှင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး"ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ပြည်နယ်နှင့်တိုင်း ဒေသကြီးအသီးသီးတွင် ၁၉၉၄ ခုနှစ်၌ စတင်ကျင်းပခဲ့သည်။

လူမှုအသိုက်အဝန်းအတွင်း မသန်စွမ်းသူများ တန်းတူညီမျှ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ ခွဲခြားဆက်ဆံခံရမှုနှင့်မညီမျှမှုမရှိစေရေး၊ မသန်စွမ်းသူများ၏ဂုဏ်သိက္ခာ အခွင့်အရေးနှင့် စိတ်ကျန်းမာကြံ့ခိုင်ရန် ပံ့ပိုးဆောင်ရွက်မှုကို မြှင့်တင်ပေးရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာတစ်ဝန်းကျင်းပလျက်ရှိသည်။ အထူးသဖြင့် ပိုမိုကောင်းမွန်သည့် ကမ္ဘာတည်ဆောက်ရာတွင် မသန်စွမ်းသူများလည်း ပါဝင်ပြီး ရေရှည်တည်တံ့ရေးအတွက် စုပေါင်းအကောင်အထည်ဖော်နိုင်စေရေးအတွက်ဖြစ်သည်။

**ကုလသမဂ္ဂကွန်ဗင်းရှင်း**

ကမ္ဘာ့ပေါ်တွင်လူဦးရေသန်းပေါင်း ၈၂၀၀ အနက် ၁၆ ရာခိုင်နှုန်းဖြစ်သော သန်းပေါင်း ၁၃၀၀ ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုးကို တွေ့ကြုံခံစားနေကြရသည်။ အဆိုပါမသန်စွမ်းသူများ၏ ၈၀ ရာခိုင်နှုန်းသည်ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိကြောင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန်ထားရှိသည်။ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍကို ဦးစားပေးမြှင့်တင်ပေးရန် လိုအပ်ပြီး မြန်မာနိုင်ငံတွင် မသန်စွမ်းသူကလေးငယ် ၂၃၀၀၀၀ ခန့်ရှိကာ ၎င်းတို့အနက် ကလေးငယ်သုံးဦးတွင် နှစ်ဦးသည် ကျောင်းမတက်ကြဘဲ ၃၆ ရာခိုင်နှုန်းခန့်သာ စာရေး၊ စာဖတ်နိုင်သည်။ အလားတူပင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မသန်စွမ်းကလေးငယ် ၉၀ ရာခိုင်နှုန်းသည် ကျောင်းမနေကြရကြောင်း တွေ့ရှိရသဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်မသန်စွမ်းမှုတို့မှာ ဟန်ချက်ညီဖြေရှင်းသွားရန် လိုအပ်သည်။

ထို့ကြောင့် ကုလသမဂ္ဂသည် မသန်စွမ်းသူများအပေါ်ထားရှိသည့် စိတ်သဘောထားများနှင့် ဖြေရှင်းမှုပုံစံများကို ပြုပြင်ပြောင်းလဲစေနိုင်ရေးအတွက် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် "မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း"ကိုချမှတ်ခဲ့သည်။ မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့်များကို ညီမျှစွာ အပြည့်အဝရရှိရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်နှင့် မွေးရာပါမသန်စွမ်းသူများ၏ ဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိစေရန်အတွက်ရည်ရွယ်၍ ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း(United Nations Convention on the Right of Person with Disabilities – UNCRPD)ကို ပြဋ္ဌာန်းခဲ့သည်။

စင်စစ်အားဖြင့် UNCRPD သည် မသန်စွမ်းသူများအတွက် အခွင့်အရေးသစ်များကို တောင်ခံနေခြင်းမဟုတ်ဘဲ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်နှင့်အညီ မသန်စွမ်းသူများ ရသင့်ရအပ်သော အခွင့်အရေးများအကြောင်းကို ဖော်ပြထားသော ကုလသမဂ္ဂကွန်ဗင်းရှင်း တစ်ခုဖြစ်သည်။ ထို့ပြင် စာချုပ်အဖွဲ့ဝင်နိုင်ငံများအားလုံး မသန်စွမ်းသူများ လူ့အခွင့်အရေး အပြည့်အဝရရှိရေးအတွက် မည်သို့မည်ပုံလုပ်ဆောင်ရမည်ကို နားလည်သဘောပေါက်စေရန် ကူညီပေးသည့် ကွန်ဗင်းရှင်းတစ်ခုလည်းဖြစ်သည်။ ၎င်းကွန်ဗင်းရှင်းသည် ၂၁ ရာစု၏ ပထမဆုံး လူ့အခွင့်အရေးစာချုပ်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်လက်မှတ်ရေးထိုးဝင်ရောက်ခဲ့သည်။

**အကောင်အထည်ဖော်လျက်ရှိ**

ထို့ပြင် မြန်မာနိုင်ငံသည် ထိရောက်စွာကူညီစောင့်ရှောက်နိုင်ရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ နည်းဥပဒေများကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်သည်။ ထို့ပြင် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ၂၀၁၆-၂၀၂၅ ကို ရေးဆွဲကာ ပြန်လည်ထူထောင်ရေး၊ မသန်စွမ်းအဆင့်သတ်မှတ်ရေး၊ မှတ်ပုံတင်ရေးနှင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရေးများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့ပြီး ရည်ရွယ်ချက် ၉ ရပ်နှင့် လုပ်ငန်းတာဝန် ၂၅ ရပ်ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ အလားတူစွာ မသန်စွမ်းအဆင့်သတ်မှတ်ခြင်း၊ မသန်စွမ်းမှတ်ပုံတင်ခြင်းနှင့်ရန်ပုံငွေတစ်ရပ်ထူထောင်ခြင်းတို့ကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ မွေးရာပါအခွင့်အရေးတစ်ခုဖြစ်သော ပညာသင်ကြားခွင့်ကို ပိုမိုရရှိခံစားနိုင်ကြရန် လူတိုင်းအတွက်ပညာရေးကို နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မျက်မမြင် သင်တန်းကျောင်းများ၊ နားမကြားကလေးများသင်တန်းကျောင်း၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းများ၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတို့ ဖွင့်လှစ်ထားသည်။

❖ မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ မွေးရာပါ အခွင့်အရေးတစ်ခုဖြစ်သော ပညာသင်ကြားခွင့်ကို ပိုမိုရရှိခံစားနိုင်ကြရန် လူတိုင်းအတွက်ပညာရေးကို နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မျက်မမြင် သင်တန်းကျောင်းများ၊ နားမကြားကလေးများ သင်တန်းကျောင်း၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းများ၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတို့ ဖွင့်လှစ်ထားသည်။ ❖

ထို့အတူ မသန်စွမ်းသူများအလိုက် လုပ်ငန်းအစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိရာ အမြင်အာရုံမသန်စွမ်းသူများ၏ မျက်မမြင်အကြောပြင်အနှိပ်စနစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အကြားအာရုံမသန်စွမ်းသူများအတွက် သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ရေး စီမံကိန်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံကိန်း၊ ဉာဏ်ရည် မသန်စွမ်းသူများအတွက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အမြင်အာရုံချို့ယွင်းသူများအတွက် စာပေပညာများကို လေ့လာသင်ယူမှတ်သားနိုင်ရန် လက်စမ်းစာများ၊ အကြားအာရုံချို့ယွင်းတဲ့သူများအတွက် သင်္ကေတစာများဖြင့် သင်ကြားပို့ချလျက်ရှိသည်။ လက်ရှိအချိန်တွင် အမြင်အာရုံချို့တဲ့သူများအတွက် ကွန်ပျူတာပညာရပ်များကို ကမ္ဘာ့အဆင့်မီ သင်ကြားပို့ချပေးနေပြီဖြစ်သည်။ ထို့ပြင် အသက်မွေးမှုအတတ်ပညာများအဖြစ် ကြိမ်ထိုး၊ ဇာထိုး၊ ပန်းထိုး၊ စက်ချုပ်အတတ်ပညာများနှင့် အခြားအတတ်ပညာများ သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် အဆိုပညာ၊ အတီးအမှုတ်ပညာများကို သင်ကြားပေးလျက်ရှိရာ မြန်မာ့ရိုးရာဆိုကရေးတီးပြိုင်ပွဲများတွင်ပင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကာ ဆုတံဆိပ်များလည်း ဆွတ်ခူးရရှိသည်ထိ စွမ်းဆောင်နိုင်ကြသည်။

မသန်သော်လည်း စွမ်းကြသူများ၏ အရည်အချင်းကို ထုတ်ဖော်ပြသနိုင်ရန်အတွက် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ကာ လေ့ကျင့်သင်ကြားပျိုးထောင်ပေးလျက်ရှိသည်။ အားကစားသည်မသန်စွမ်းသူများကို စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ၎င်းတို့ပါဝင်မှုကို မြှင့်တင်ရန်အတွက် အကောင်းဆုံးသောနေရာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ မသန်စွမ်းသူအားကစားအဖွဲ့သည် နိုင်ငံတကာမသန်စွမ်းသူများ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုရှင် အားကစားသမားများပင် ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

**အတားအဆီးများဖယ်ရှားရေး**

မသန်စွမ်းသူများဆိုင်ရာ အတားအဆီးများဆိုသည်မှာ လူတစ်ဦးသည် ပတ်ဝန်းကျင်ရှိအကြောင်းအချက်များကြောင့် ထိုသူ၏ စွမ်းဆောင်နိုင်မှုကို အကန့်အသတ်ဖြစ်စေပြီး မသန်စွမ်းမှုဖြစ်စေသည့် အရာများဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖွင့်ဆိုသည်။ ၎င်းအတားအဆီးများတွင် လက်လှမ်းမမီနိုင်သောရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်၊ အားထားလောက်သည့် နည်းပညာအထောက်အကူများ မရှိခြင်း၊ မသန်စွမ်းမှုအပေါ် မကောင်းမြင်သဘောထားများ ရှိနေခြင်း၊ ဝန်ဆောင်မှုများ၊ စနစ်များနှင့် မူဝါဒများ မရှိခြင်း သို့မဟုတ် ဘဝ၏နယ်ပယ်ကဏ္ဍအသီးသီးတွင် ကျန်းမာရေးအခြေအနေတစ်ရပ်ရှိနေသည့် လူအားလုံးပါဝင်နိုင်မှုကို အဟန့်အတားဖြစ်စေခြင်းတို့ ပါဝင်သည်။ မသန်စွမ်းသူများဆိုင်ရာ အတားအဆီးများတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အတားအဆီးများအဖြစ် ခြုံငုံတွေ့ရှိရသည်။ မသန်စွမ်းသူများဆိုင်ရာ အတားအဆီးများသည် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများထက် ပိုမိုပါဝင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖော်ပြထားရှိသည်။

အမှန်တကယ်အားဖြင့် မသန်စွမ်းသူတို့ကို ၎င်းတို့တစ်ဦးချင်းစီနှင့် ကိုက်ညီသည့် သင်ကြားမှုပုံစံများဖြင့် လေ့ကျင့်သင်ကြားပေးခြင်း၊ ၎င်းတို့၏ အလုပ်လုပ်ကိုင်နိုင်မှု၊ ကျွမ်းကျင်မှုတို့နှင့် လျော်ညီသည့်အလုပ်အကိုင်များတွင် လုပ်ကိုင်ခွင့်ပြုခြင်းဖြင့် မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်းအတွက် အထောက်အကူပြုသူများ ဖြစ်လာနိုင်သည်။

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ နိုင်ငံရေးပဋိပက္ခများ၊ စီးပွားရေး အကျပ်အတည်းများ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

ထိုသို့သော အခြေအနေတွင် အားလုံးပူးပေါင်း၍မသန်စွမ်းသူများအတွက်ဆန်းသစ်သောအဖြေများ ရှာဖွေသွားရန်လိုအပ်သည်။ သို့မှသာလျှင် မသန်စွမ်းသူများအတွက် လက်လှမ်းမီပြီး တန်းတူညီမျှမှုရှိသော ဝန်းကျင်များကိုဖန်တီးနိုင်မည်ဖြစ်သကဲ့သို့ လူမှုဘဝမြှင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် "မသန်စွမ်း၊ အံ့မခန်း၊ လူ့စွမ်းပြရမည်" ဟူသောဆောင်ပုဒ်ကဲ့သို့ပင် မသန်သော်လည်း စွမ်းနိုင်ကြသူများကို စာနာစိတ်ထားဖေးမကူညီကာ ပိုမိုကောင်းမွန်သည့် ကမ္ဘာကြီးတည်ဆောက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းသွားကြပါစို့ဟု တိုက်တွန်းရင်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သော "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့"ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၄-၁၂-၂၀၂၄ ထုတ် မြန်မာ့အလင်း သတင်းစာ။

မောင်သောင်းဝင်း(တမန်ဟောင်း)

# တေးသံရှင် ကိုးဦးပါဝင်သည့် အမှတ်တရဂီတပွဲတော်ကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်မည်




**ရန်ကုန် ဒီဇင်ဘာ ၂**

တေးသံရှင် ကိုးဦးပါဝင်သည့် အမှတ်တရဂီတပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ ဒီဇင်ဘာ ၁၃ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ အမှတ်တရဂီတပွဲတော်တွင် ပါဝင်ဖျော်ဖြေသီဆိုမည့် တေးသံရှင် ကိုင်ဇာထံမှ သိရသည်။

အဆိုပါ အမှတ်တရဂီတပွဲတော်တွင် တေးသံရှင်များဖြစ်သည့် စိုးပိုင်၊ ဘိုဘိုဟန်၊ ခင်မောင်ထူး၊ ကိုင်ဇာ၊ စည်သူလွင်၊ ထွန်းထွန်း၊ နွဲ့ယဉ်ဝင်း၊ မေဆွိ၊ မေခလာတို့ ပါဝင်သီဆိုကြမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Judson Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇင်ဘာ ၁၃ ရက်ညမှာ ခမ်းနားစွာ ကျင်းပမဲ့ Judson ရဲ့ အမှတ်တရ ဂီတပွဲတော်မှာ စီနီယာကြီးတွေ၊ ညီအစ်ကိုမောင်နှမတွေနဲ့ ဖျော်ဖြေသွားဖို့ရှိပါတယ်။ Judson Entertainment Bar ရဲ့ စတိတ်စင်မြင့်ထက်ကနေ ပရိသတ်တွေရဲ့ နှလုံးသားတွေဆီကို သီချင်းသံတွေပျံ့လွှင့်လာမဲ့ နေ့လေးဖြစ်တာမို့ လာရောက်အားပေးကြပါအုံးလို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင်ကိုင်ဇာက ပြောပြသည်။

နာမည်ကျော် တေးသံရှင် ကိုးဦးပါဝင်သည့် အမှတ်တရ ဂီတပွဲတော်ကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ဒီဇင်ဘာ ၁၃ ရက် ည ၆ နာရီမှ စတင်ကာ ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ဆိုနီရုပ်ရှင်ကုမ္ပဏီက Hierarchy ဝတ္ထုများကို ရုပ်ရှင်ဇာတ်ကားများအဖြစ် ရိုက်ကူးရန်စီစဉ်ထား

**နယူးယောက် ဒီဇင်ဘာ ၂**

စာရေးဆရာ ဂျိမ်းအစ္စလင်းတန်၏ Hierarchy ဝတ္ထုများကို ရုပ်ရှင်ဇာတ်ကားများအဖြစ် ရိုက်ကူးရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

ဆိုနီ ရုပ်ရှင်ကုမ္ပဏီအနေဖြင့် လက်ရှိအချိန်တွင် စာရေးဆရာ ဂျိမ်းအစ္စလင်းတန်၏ Hierarchy ဝတ္ထုများကို ရုပ်ရှင်ဇာတ်ကားများအဖြစ် ရိုက်ကူးထုတ်လုပ်ခွင့် ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Hierarchy ရုပ်ရှင်ဇာတ်ကားများကို တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Hierarchy ဝတ္ထုများသည် ရောမအင်ပါယာပိုင် လူ့ယဉ်ကျေးမှုခေတ်တစ်ခေတ်ကို မှော်လောကနှင့်ပေါင်းစပ်၍ ရေးဖွဲ့ထားသော လျှို့ဝှက်ဆန်းကြယ် ဝတ္ထုများဖြစ်ကြောင်း သိရသည်။

စာရေးဆရာ ဂျိမ်းအစ္စလင်းတန်၏ Hierarchy ဝတ္ထုအတွဲ-၁ အဖြစ်The Will of the Many နှင့် အတွဲ-၂ Strength of the Few ဝတ္ထုတို့ကို ထုတ်ဝေထားခြင်းဖြစ်ပြီး လက်ရှိတွင် Hierarchy ဝတ္ထုများကို ရုပ်ရှင်ဇာတ်ကားများအဖြစ် ရိုက်ကူးထုတ်လုပ်ရေးအတွက် ပြင်ဆင်မှုများစတင်နေပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO




# ငပျင်းရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၅ ရက်တွင် အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၂**

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ငပျင်း ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၅ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ငပျင်း ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကိုဇော် (အရှေ့ဦး) ထံမှ သိရသည်။

အဆိုပါ ငပျင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို လုံမ က ရေးသားထားပြီး နတ်ရဲ (ရှုပဗေဒ) က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကိုဇော် (အရှေ့ဦး) က အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။




"ကျေးလက်နောက်ခံ သဘာဝဟာသ အချစ်ဇာတ်လမ်းလေးပါ။ ရိုက်ထားတာတော့ ကြာပါပြီ။ သဘာဝဟာသ အချစ်ဇာတ်မြူး ကျေးလက်ဇာတ်လမ်းလေးဖြစ်တဲ့အတွက် အားပေးကြမယ်လို့ထင်ပါတယ်"ဟု ဒါရိုက်တာ ကိုဇော် (အရှေ့ဦး)က ပြောပြသည်။

အဆိုပါ ငပျင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ရဲအောင်၊ ပြေတီဦး၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်၊ စည်သူပလပ်ကျွတ်၊ ကေညီ၊ မင်းလှိုင်၊ အောင်ဇော်မင်း၊ ချစ်လူလူ၊ သီဟ၊ နေလင်း၊ စည်သူ၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ တက္ကသိုလ် ဂွမ်းပုံ၊ အေးသီတာ၊ နန်းရွှေအိမ်၊ သန်းသန်းဆင့်၊ ဟေရတီလင်းနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Shrek - 5 အင်နီမေးရှင်းကာတွန်းဇာတ်ကားတွင် မာဆယ်လိုဟာနန်ဒက်နှင့် စကိုင်လာဂီဆန်ဒိုတို့ ပါဝင်ထား

**နယူးယောက် ဒီဇင်ဘာ ၂**

ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီ၏ Shrek – 5 အင်နီမေးရှင်းကာတွန်းဇာတ်ကား၌ မင်းသား မာဆယ်လိုဟာနန်ဒက်နှင့် စကိုင်လာဂီဆန်ဒိုတို့က အသံဖြင့် ပါဝင်သရုပ်ဆောင်ထားကြောင်း ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

မာဆယ်လိုဟာနန်ဒက်နှင့် စကိုင်လာဂီဆန်ဒိုတို့သည် Shrek –5 ဇာတ်ကား၌ Shrek နှင့် Fiona တို့၏ သားနှစ်ဦးနေရာ၌ အသံဖြင့် ပါဝင် သရုပ်ဆောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

Shrek–5 ဇာတ်ကားတွင် မင်းသား မိုက်မေရာ၊ အက်ဒီမာဖီနှင့် မင်းသမီး ကင်မရွန်ဒီအက်တို့လည်းအသံဖြင့် ပါဝင်သရုပ်ဆောင်ထားသည်။

Shrek – 5 ဇာတ်ကားကို ဒါရိုက်တာ ကွန်ရက်ဗာနွန်နှင့် ဝေါ့ဒိုရန်တို့က တာဝန်ယူရိုက်ကူးပေးထားပြီး အဆိုပါဇာတ်ကားကို ၂၀၂၇ ခုနှစ် ဇွန် ၃၀ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

ယခင် ရုံတင်ပြသခဲ့သည့် Shrek အင်နီမေးရှင်းကာတွန်းဇာတ်ကားလေးကား၏ စုစုပေါင်း ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ သုံးဘီလီယံထိရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# တေးသံရှင် ချစ်ကောင်း၊ ထွန်းအိန္ဒြာဗိုတို့၏ Golden Friday Live Night တေးဂီတဖျော်ဖြေပွဲကို Yangon Social F& B, Music, Kids Playground တွင် ပြုလုပ်မည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၂**

တေးသံရှင် ချစ်ကောင်း၊ ထွန်းအိန္ဒြာဗိုတို့၏ Golden Friday Live Night တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် Yangon Social F& B, Music, Kids Playground ၌ ဒီဇင်ဘာ ၁၂ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ချစ်ကောင်းထံမှ သိရသည်။

အဆိုပါတေးသံရှင်ချစ်ကောင်း၊ ထွန်းအိန္ဒြာဗိုတို့၏ Golden Friday Live Night တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းဦးကို ကြိုဆိုရင်း ဆောင်း အငွေ့အသက်တွေကို အသက်သွင်းဖို့ လာမဲ့ ဒီဇင်ဘာ ၁၂ ရက် ည ၇ နာရီ Yangon Social မှာ Daily Gita Band နဲ့အတူ တေးသီချင်းကောင်းများစွာကို ချစ်ရတဲ့သူတွေနဲ့အတူ နားဆင်ပြီး ဂန္ထဝင်ဆန် Golden Friday မှာ တေးသီချင်းကောင်းများစွာနဲ့ ဖျော်ဖြေတင်ဆက်ဖို့ရှိနေပါတယ်။ ဆောင်းနဲ့အလိုက်ဖက်ဆုံး အချစ်၊ အလွမ်းတေးသီချင်းကောင်းများစွာကို ရွေးချယ်ဖျော်ဖြေမှာဖြစ်တဲ့အတွက် နားဆင်ခံစားဖို့ လာရောက်ခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ချစ်ကောင်းက ပြောပြသည်။

အဆိုပါ Yangon Social Bar သည် ယခင်က Inya Lake Garden Food Hall & Entertainment မှ Yangon Social F& B, Music, Kids Playground သို့ အမည်ပြောင်းလဲ ဖွင့်လှစ်ထားခြင်းဖြစ်ကာ တေးဂီတဖျော်ဖြေပွဲများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# SSPC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects construction of war veteran housing in Pyin Oo Lwin



Senior General Min Aung Hlaing greets war veterans and families.

**Nay Pyi Taw December 2**

Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by Commander-in-Chief (Navy) Admiral Htein Win, Commander-in-Chief (Air) General Tun Aung, members of the inspection team, the commander of Central Command and officials, this morning inspected progress in construction of the war veteran housing in Pyin Oo Lwin.

At the briefing hall, Quartermaster-General Lt-Gen Zaw Hein and officials reported to the Senior General on extended construction of the war veteran housing in financial years, selltement of war veterans and families, and work process.

In his response to the reports, the Senior General gave guidance that it is necessary to systematically settle war veterans and families at the completed housings. He stressed that it is necessary to supervise construction of housing to be completed on time, meeting the standards. The housing estates must be facilitated with the areas where people can take physical exercises to help their health condition. Construction of the high-rise buildings must be calculated systematically to have resilience against natural disasters.

The Senior General and party visited the war veteran housing compound. He cordially greeted the war veterans and families and asked about their requirements.

A total of 10 four-storey two-unit housing for other ranks, 10 six-storey four-unit housing for other ranks, three six-storey four-unit junior officer housing, and one six-storey four-unit senior officer housing have been built at the war veteran housing in Pyin Oo Lwin. Plans are underway to build housing for senior officers, junior officer and other ranks.

The Senior General inspected functions of the railway station in PyinOoLwin where Union Minister for Transport and Communications U Mya Tun Oo and officials reported on keeping the station clean and pleasant, and removal of illegal residents and vendors from the station yard.

In his response, the Senior General gave guidance to carry out systematic management for the station and viewed round the station.

100



Senior General Min Aung Hlaing inspects Pyin Oo Lwin Railway Station.

# Nyaungdon Township supplies large volume of sturgeon fish to Yangon market in October

**Nyaungdon December 2**

Local businesspersons from Nyaungdon Township of Ayeyawady Region sent a large volume of sturgeon fish to Yangon market in October, said Daw Than Than Oo, the owner of fishery produt trading centre in Nyaungdon Township.

From Nyaungdon Township, only 50,000 viss of sturgeon were able to be supplied to the Yangon market during September this year. In October, a total of 75,000 viss were shipped and sold. It is reported that shipment volumes increased due to stronger demand for sturgeon in the Yangon market.

“The current price of sturgeon is reasonably stable. Business operations are manageable. Supply to local depots here is low, and buyers from Yangon are purchasing more sturgeon, so shipments have increased. Since the first week of last month, we had to send more sturgeon to Yangon. Demand for other fish species is also rising. Even though demand from Yangon has increased, prices have not risen significantly yet,” said Daw Than Than Oo.

In Nyaungdon Township, fishery product traders purchase local freshwater products and transport them not only to local markets but also to the Yangon market. Sturgeon is currently priced between K15,500 and K18,500 per viss.

Kyaw Kyaw Lin

# Major Canadian steelmaker to lay off around 1,000 workers amid U.S. tariff pressure

**Ottawa December 2**

Algoma Steel, one of Canada's largest steel producers, on Monday said it will lay off approximately 1,000 workers due to severe financial pressure from "unprecedented" U.S. tariffs, local media reported.

The company, based in Ontario province's Sault Ste. Marie, is one of the country's top integrated steel producers and a major regional employer with a workforce of around 2,700 people, with the layoffs representing more than a third of its staff.

According to the report, the company said the 50 percent tariffs imposed by the United States have "fundamentally altered the competitive landscape" and sharply limited its access to the U.S. market. The layoffs are scheduled to take effect on March 23, 2026.

In September, Algoma Steel received 500 million Canadian dollars (around 360 million U.S. dollars) in federal and provincial loan assistance to help it cope with the U.S. tariffs.

Ontario's Minister of Economic Development, Job Creation and Trade, Vic Fedeli, said the province is activating a special support center to provide retraining programs for impacted workers. Xinhua

# DR Congo declares end to latest Ebola outbreak

**Kinshasa December 2**

The Democratic Republic of the Congo (DRC) on Monday declared an end to the latest Ebola outbreak in the country that killed 45.

"On behalf of the government, and taking into account all the scientific and operational indicators confirming that the chain of transmission of the virus has been broken, I hereby officially declare the end of the 16th Ebola outbreak in the DRC," Health Minister Roger Kamba told a ceremony in the capital, Kinshasa.

On Sept. 4, the government confirmed a new Ebola outbreak in Kasai Province in central DRC, the country's 16th outbreak since 1976.

The flare-up came amid an agitated public health environment, marked by the simultaneous resurgence of mpox, cholera, and measles across the country.

Monday's ceremony was attended by DRC Prime Minister Judith Suminwa Tuluka and officials from the World Health Organization (WHO) and the Africa Centers for Disease Control and Prevention.

Since September, 64 cases have been reported in the Bulape health zone in Kasai, including 53 confirmed and 11 probable cases, with 45 deaths.

No new cases have been reported for the past 42 days since the last patient was discharged on Oct. 19, said the WHO. Xinhua

# Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing inspects conservation of the National Kandawgyi Garden in Pyin Oo Lwin

## Turn Pyin Oo Lwin into flower city through effective use of favourable soil and water resources



Senior General Min Aung Hlaing hears report on conservation of the National Kandawgyi Garden in Pyin Oo Lwin.

**Nay Pyi Taw December 2**

Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing, accompanied by SSPC Secretary Joint Executive Chief General Ye Win Oo, members of the entourage, Mandalay Region Chief Minister U Myo Aung, the Central Command commander and officials, inspected conservation of the National Kandawgyi Garden in Pyin Oo Lwin this morning.

First, the Senior General heard a report on progress in implementing the directives given by the Chairman of State Security and Peace Commission Commander-in-Chief of Defence Services during his visit to the Gardens on 3 October 2025, preparations to organize the 18th Flower Festival of the Gardens on a grand scale, display of flower plants plot wise, inclusion of song and musical shows for visitors, presented by Director General Dr Thaung Naing Oo of Forestry Department, Ministry of Natural Resources and Environmental Conservation, and Chief Executive Officer U Yazar Htway of the company in charge of the Gardens, and watched a video clip on flower festival song.

Regarding the reports, the Senior General said Pyin Oo Lwin must be a flower city, where all local and foreign flowering are thriving and blooming and are being distributed to other places. As flowers can be exported, flowing plant cultivation must be encouraged in Pyin Oo Lwin, and by using its favourable soil and water resources, the town must be developed in accord with the characteristics of a flower city. Involvement of professionals in systematically developing flower production in the Pyin Oo Lwin area. It is the duty of relevant research teams to conserve local flower strains and improve color, appearance and aroma of the flowers. In addition, they should strive for the thriving and blooming of foreign species in Pyin Oo Lwin area through trial runs. Apart from the places in the Gardens, flowering plants must also be grown besides streets and wards for the pleasantness of the town.

Reforestation of the southern part of Pyin Oo Lwin must be conducted again, while conserving its lushness and greenness and cool and pleasant weather. Circle weeding of roadside trees and the ones in the Gardens must be conducted, alongside the work of ensuring sunlight exposure and ventilation. The Senior General also looked into other requirements.



Senior General Min Aung Hlaing tours the National Kandawgyi Garden by car.

Subsequently, the Senior General and his delegation toured the National KandawgyiGardens in vehicles, inspecting the construction of the mud/swamp walkway, the planting and maintenance of trees and flowers within the gardens, the research and experimental cultivation conducted in the Local Flower Species Research Center and experimental plots, and the condition of the lake walkways. Following presentations by the officials, he instructed that efforts must be made to ensure the gardens remain clean, pleasant, and beautiful, and that drainage is good. Regarding the mud/swamp walkway, he stressed the need to use high-quality wood for the decking since many people will use it, and to ensure it is sturdy and neat. He further instructed that systematic research on local flower species should continue to prolong the life of the plants and flowers and enhance blooming strength, along with providing other necessary guidance.



Senior General Min Aung Hlaing gives instructions to officials.

Following that, the Senior General and his delegation inspected the Kandawgyi circular road and the fence along the walkway, where he instructed that ornamental flowers should be planted along the side of the path, efforts should be made to ensure cleanliness and pleasantness, and necessary arrangements should be carried out to guarantee the safety of pedestrians, along with providing other required guidance.

It is reported that the construction of the Kandawgyi circular road fence and pedestrian walkway was undertaken following instructions given by the Head of State during an inspection in October 2025, involving the renovation and construction of a 1,900-foot-long walkway with a width expanded from 7 feet to 12 feet, along with the fence, and that this renovation allows the general public to safely rest, relax, and walk along the Kandawgyi circular road without the danger of vehicles. 100

# Five more buildings used for online fraud and gambling demolished in KK Park area; 20 more illegal structures sealed in Shwe Kokko area





An illegally constructed four-story building in Section (3) of the K K Park area.

Before demolition.

After demolition.

**Nay Pyi Taw December 2**

The Government of Myanmar, through a joint task force comprising security forces, administrative bodies, and local authorities, continues to conduct clearance operations in the Shwe Kokko and KK Park areas—key hubs for online fraud and online gambling activities. The operations involve raiding illegal structures, seizing assets used in online scams and gambling operations, and systematically demolishing illegal buildings.

As part of these ongoing efforts, today in Section (3) of the Myawady-Maehtawthalay (KK Park) area, five more illegal structures were demolished. These include a one-story sports hall, a two-story KTV building, two two-story residential buildings, and a four-story building. This brings the total number of demolished structures in Section (3) to 140 out of 425 buildings. Overall, in the entire KK Park area, 288 out of 635 illegal buildings have now been demolished.

Similarly, in the Shwe Kokko area, inspections of buildings used for online fraud began on November 18. To date, 169 illegal structures have been identified. To prevent their reuse, sealing and confiscation operations are ongoing. Today, 20 more illegal buildings were sealed, bringing the total number of sealed structures in Shwe Kokko to 161.

According to total clearance figures in the Shwe Kokko area to date, authorities have apprehended a total of 1,954 foreign nationals illegally residing in Myanmar. They have also seized 3,310 computers, 21,870 mobile phones, 102 StarLink dishes, 22 routers, and a large quantity of other equipment used for online fraud and gambling. These seized items have been systematically destroyed, and clearance operations will continue.

In a humanitarian gesture and in the spirit of friendly relations between nations, 411 foreign nationals involved in online gambling, online fraud, and other crimes in the Shwe Kokko area of Myawady Township, Kayin State, were repatriated today via the Myanmar-Thailand Friendship Bridge No. 2. The group included 298 Chinese, 37 Kenyans, 36 Ethiopians, 18 Ugandans, 15 Filipinos, 2 Ghanaians, 2 Zimbabweans, 1 Rwandan, 1 Togolese, and 1 Beninese national. The handover was conducted in accordance with legal procedures.

It is also reported that from January 30 to December 1, 2025, a total of 12,945 foreign nationals who entered Myanmar illegally have been detained and processed. Of these, 10,601 have been lawfully deported to their respective countries via Thailand. The remaining 2,344 foreign nationals are ready for repatriation and are being well cared for while in custody.

The government considers the fight against online fraud and gambling a national duty. It is therefore committed to completely eradicating these activities from Myanmar and will continue its efforts in coordination with domestic forces and the governments of neighbouring countries.

100



Image of sealing and confiscating a building used for online fraud and gambling in Myawady Township.



Transfer of illegal immigrants.



Image of burning and destroying materials used for online fraud and gambling in the K K Park area.



Image of burning and destroying items belonging to illegal foreign nationals in the Shwe Kokko area of Myawady Township.

# Wakema Township increases sale of tilapia fish to Yangon market within one month

**Wakema December 2**

Local merchants from Wakema Township of Ayeyawady Region sold a large volume of tilapia fish to Yangon market in October, said Daw Kathy Tun, the owner of fishery product trading depot in Wakema Township.

From Wakema Township, only 52,000 viss of tilapia fish were able to be supplied to the Yangon market during the month of September. In October, 76,000 viss of tilapia fish were shipped and sold. Tilapia fish currently fetches K14,500 per viss.

"We transport and sell tilapia fish from Wakema Township to the Yangon market. Over the past month, shipments have increased compared to before. In the current month of November, we are also sending large quantities. As fish trading improves, those involved in the fishery sector are getting better job opportunities and the situation is improving. Fish from this area are very popular among consumers," said Daw Kathy Tun, owner of a fisheries trading enterprise in Wakema Township.

In Wakema Township, tilapia fish and other freshwater products are being systematically processed by business operators and primarily supplied to the Yangon market, while also being distributed to other regions across the country.

Kyaw Kyaw Lin

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက ပြည်တွင်းထုတ်အင်ဂျင်ဖြင့် မောင်းနှင်နိုင်သည့် တာဝေးတိုက်ခိုက်ရေးဒရုန်းများတည်ဆောက်ရန် စီစဉ်နေ



အိန္ဒိယနိုင်ငံသည် ပြည်တွင်းထုတ်အင်ဂျင်ဖြင့် မောင်းနှင်နိုင်သည့် တာဝေးတိုက်ခိုက်ရေးဒရုန်းများကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖော်ဆောင်ရန် စီစဉ်နေကြောင်း RT သတင်းဌာနက ဒီဇင်ဘာ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နိုင်ငံပိုင် အမျိုးသားလေကြောင်းအာကာသဓာတ်ခွဲဌာန(NAL) သည် ၎င်း၏ အိန္ဒိယနိုင်ငံတွင် တီထွင်ထုတ်လုပ်ထားသော Wankel အင်ဂျင်များကို မောင်းသူမဲ့လေယာဉ်အသစ်များတွင် အသုံးပြုရန် ပုဂ္ဂလိကကဏ္ဍ ကုမ္ပဏီတစ်ခုနှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း အစီရင်ခံစာတွင် ပါရှိသည်။

ယခုအချိန်ထိ အိန္ဒိယနိုင်ငံသည် ၎င်း၏မောင်းသူမဲ့စနစ်များ၏ ဗားရှင်းအားလုံးနီးပါးကို မောင်းနှင်ရန်အတွက် နိုင်ငံခြားကုမ္ပဏီများမှ အင်ဂျင်များ ထောက်ပံ့မှုကို မှီခိုနေခဲ့ရသည်။

NAL သည် လေထဲတွင် ကိုးနာရီထိ ပျံသန်းရန် ဒီဇိုင်းထုတ်ထားသော ဒရုန်းများကို မောင်းနှင်ရန်အတွက် ၃၀ စွမ်းအားရှိသော Wankel အင်ဂျင်အတွက် နည်းပညာကို အစောပိုင်းတွင် လွှဲပြောင်းပေးလိမ့်မည်ဖြစ်သည်။ တာဝေးတိုက်ခိုက်ရေးဒရုန်းများသည် မိုင် ၅၆၀ ကျော်အကွာရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်မည်ဟု မျှော်မှန်းထားသည်။

NAL ၏ မြင်းကောင်ရေ ၃၀ အင်ဂျင်သည် ပျံသန်းမှုစမ်းသပ်ရန်အတွက် အရေးကြီးသော အသိအမှတ်ပြုလက်မှတ်ကို ရရှိထားပြီးဖြစ်ကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။

မြင်းကောင်ရေ ၅၀ အင်ဂျင်တစ်မျိုးကိုလည်း ဖော်ဆောင်နေကြောင်း သတင်းရင်းမြစ်များကို ကိုးကား၍ သတင်းမီဒီယာက ပြောကြားခဲ့သည်။ ၎င်းသည် မကြာမီ အသိအမှတ်ပြု လက်မှတ်များနှင့် စမ်းသပ်မှုများ ပြုလုပ်နိုင်မည်ဟုဖြည့်စွက်ပြောကြားသည်။

ပိုမိုလေးလံသော အကြီးစားဒရုန်းအမျိုးအစားများအဖြစ် မြှင့်တင်ပေးနိုင်သည့် မြင်းကောင်ရေ ၉၀ အင်ဂျင်တစ်မျိုးကိုလည်း တီထွင်ထုတ်လုပ်ရန် စီစဉ်နေကြောင်း အစီရင်ခံစာတွင် ပါရှိသည်။

Solar Defense and Aerospace Limited (SDAL) သည် ဤဒရုန်းစီမံကိန်းအတွက် ပုဂ္ဂလိက မိတ်ဖက်ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။

သဘောတူညီချက်အရ NAL သည် နည်းပညာကို လွှဲပြောင်းပေးကာ ဒရုန်းများ တီထွင်ဖော်ဆောင်မည်ဖြစ်ပြီး SDAL က ပြည်တွင်းပြည်ပတွင် ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ရှာဖွေခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဤဒရုန်းသည် ကမ္ဘာလုံးဆိုင်ရာ နေရာချထားမှုစနစ် (Global Positioning System – GPS) နည်းပညာအလုပ်မလုပ်သော ပတ်ဝန်းကျင်အခြေအနေများတွင် ပျံသန်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ၎င်း၏ AI-နည်းပညာပါ AI-enabled payload သည် အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းရေးနှင့် အခြေအနေ အသိပေးမှုတို့ကို အာမခံပေးနိုင်မည်ဟု အစီရင်ခံစာက ဆိုသည်။

အိန္ဒိယနိုင်ငံသည် ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ Make in India ပဏာမခြေလှမ်းကို အားဖြည့်ရန်၊ အထူးသဖြင့် ကာကွယ်ရေးကဏ္ဍတွင် ပြည်တွင်းထုတ်လုပ်သူများကို အားပေးလျက်ရှိကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် လူငယ်စွန့်ဦးတီထွင်သူများကို မြေတောင်မြှောက် မြှင့်တင်ရန်အတွက် အိန္ဒိယအာကာသသုတေသနအဖွဲ့ (ISRO)မှ စီစဉ်ပေးသည့် မကြာသေးမီက ဒရုန်းစိန်ခေါ်ပွဲကို ချီးကျူးဂုဏ်ပြုခဲ့သည်။ ၎င်းသည် အိန္ဒိယနိုင်ငံ၏ ပုဂ္ဂလိကအာကာသဂေဟစနစ် တိုးတက်ဖွံ့ဖြိုးမှုများကိုလည်း မီးမောင်းထိုးပြခဲ့ပြီး၊ Hyderabad ပြည်နယ်ရှိ Skyroot Aerospace ၏ Infinity Campus ကို မကြာသေးမီက ဖွင့်လှစ်ခဲ့ခြင်းအား ကဏ္ဍအတွက် တွန်းအားသစ်တစ်ခု ဖြစ်ကြောင်း ကိုးကားပြောကြားခဲ့သည်။

**India to build long-range attack drones – media** ကို ဘာသာပြန်ဆိုထားပါသည်။

## ဗင်နီဇွဲလားနိုင်ငံက အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ကို Lechería ကမ်းခြေတွင် တပ်ဖြန့်ချထားခဲ့

ဗင်နီဇွဲလားနိုင်ငံက BM-21 Grad အတွဲလိုက်ဒုံးပစ်လောင်ချာစနစ် (MLRS) ကို ကမ်းရိုးတန်းဒေသဖြစ်သော Anzoátegui ပြည်နယ်ရှိ Lechería ကမ်းခြေတွင် တပ်ဖြန့်ချထားခဲ့ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ခရီးသွားများလာရောက်ရာ ကမ်းခြေတွင် ဤကဲ့သို့ လက်နက်ကြီးများ တပ်ချထားခြင်းနှင့် ပြည်ပရေတပ်အင်အားစုများ ရောက်ရှိနေခြင်းသည် ချက်ချင်းထိတွေ့ တိုက်ခိုက်မှုအကျိုးဆက်များ ဖြစ်ပေါ်စေနိုင်သည့် အခြေအနေသို့ မည်မျှလျင်မြန်စွာ ရောက်ရှိလာနိုင်သည်ကို မီးမောင်းထိုးပြနေသည်။

ဤတပ်ဖြန့်ချထားမှုသည် ဗင်နီဇွဲလားနိုင်ငံအနေဖြင့် ရုရှားမှ ထောက်ပံ့ထားသော ရှေးကျက်လက်နက်ကြီးများကို ကမ်းရိုးတန်းကာကွယ်ရေးတွင် မည်သို့အသုံးပြုရန် ရည်ရွယ်သည်ကို လူသိရှင်ကြား ရှားရှားပါးပါး မြင်တွေ့ခွင့်ရခြင်းဖြစ်ပြီး ဟန့်တားခြင်း၊ အခြေအနေပိုမိုတင်းမာလာစေခြင်း နှစ်ခုစလုံးနှင့် ပတ်သက်၍ မေးခွန်းများ ဖြစ်ပေါ်စေလျက်ရှိသည်။ ၎င်းသည် ဗင်နီဇွဲလား၏ ကာရေဘီယံ ကမ်းရိုးတန်းအနီး မည်သည့် ပင်လယ်ပြင် သို့မဟုတ် လေကြောင်း စစ်ဆင်ရေးကိုမဆို ပြန်လည်ခုခံရန်အသင့်ပြင်ထားကြောင်း သိသာထင်ရှားသော အချက်ပြမှုတစ်ခု ဖြစ်သည်။

BM-21 Grad အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်သည် ၁၉၆၀ ပြည့်နှစ်များ အစောပိုင်းတွင် ဆိုဗီယက်ယူနီယံ၌ ဒီဇိုင်းထုတ်ခဲ့ပြီး ၁၉၆၃ ခုနှစ်ကတည်းက အသုံးပြုခဲ့သော ၁၂၂ မီလီမီတာ ထရပ်ကားတင် အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်လည်း ဖြစ်သည်။ ၎င်းကို ဒုံးပြွန်ပေါင်း ၄၀ ပါဝင်သည့် ဒုံးပစ်စင်ကိုဗဟိုပြု၍ တည်ဆောက်ထားပြီး ဒုံးကျည်အမျိုးအစားပေါ်မူတည်၍ ကီလိုမီတာ ၂၀ ကျော်ထိလည်းကောင်း၊ ခေတ်မီဗားရှင်းများတွင် အကွာအဝေး ကီလိုမီတာ ၅၀ ခန့်ထိ လည်းကောင်း စက္ကန့်ပိုင်းအတွင်း ဒုံးကျည်အားလုံးကို တစ်ပြိုင်နက် ပစ်ခတ်နိုင်စွမ်းရှိသည်။

Lechería ကမ်းခြေပေါ်တွင် အနည်းဆုံး လောင်ချာတစ်ခုကို တပ်ချထားခြင်းက ဗင်နီဇွဲလားလက်နက်ကိုင်တပ်ဖွဲ့များသည် BM-21 Grad အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ကို ပြည်တွင်းစစ်ဆင်ရေးများအတွက် စစ်မြေပြင်လက်နက်ကြီးစနစ်အဖြစ်သာမကဘဲ ကမ်းရိုးတန်းဧရိယာကိုပိတ်ဆို့ရန်နှင့် မည်သည့်ကုန်းရေနှစ်သွယ် သို့မဟုတ် လေကြောင်းတိုက်ခိုက်မှုအခြေအနေကို လျင်မြန်စွာတုံ့ပြန်ရန်အတွက် လက်နက်တစ်ခုဖြစ်သည်။ အမေရိကန်ရေတပ် အင်အားစုများက စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများကို အကန့်အသတ်ဖြင့် တိုက်ခိုက်ခြင်း သို့မဟုတ် လျှို့ဝှက်ကမ်းတက်စစ်ဆင်ခြင်းများပြုလုပ်နိုင်သည့် ကာလတွင်




တပ်ဖြန့်ချထားသည့် ဒုံးကျည်တပ်ခွဲသည် ကမ်းတက် စစ်ဆင်ရေးနေရာများ၊ ဆိပ်ကမ်းအဆောက်အအုံများ သို့မဟုတ် ယာယီစုစည်းရာနေရာများကို အချိန်တိုအတွင်း ပေါက်ကွဲအားဖြင့် တိုက်ခိုက်နိုင်စွမ်းရှိလိမ့်မည်ဖြစ်သည်။ သမားရိုးကျ ကမ်းရိုးတန်းကာကွယ်ရေးအပြင် ဤအတွဲလိုက် ဒုံးပစ်လောင်ချာစနစ်သည် အထူးတပ်ဖွဲ့များ ဝင်ရောက်လာခြင်းကို ဟန့်တား ရန်၊ ပတ်ဝန်းကျင်မြို့ပြဧရိယာရှိ အဓိကစွမ်းအင်နှင့် ထောက်ပံ့ပို့ဆောင်ရေးနေရာများကိုကာကွယ်ရန် သို့မဟုတ် အဆိုးရွားဆုံးအခြေအနေများအတွက် စစ်ဘက်မှ တိုက်ပွဲဝင်အသင့်ပြင်ဆင်နေသည်။

၎င်း၏အဓိကအားသာချက်မှာ စက္ကန့်ပိုင်းအတွင်း ကျယ်ပြန့်သောဧရိယာကို ပွဲထိန်းမဲ့ ရှေ့ကက်များဖြင့် အာရုံစူးစိုက်၍ ပစ်ခတ်နိုင်စွမ်း ရှိခြင်းကြောင့်ဖြစ်ပြီး တပ်ဖွဲ့ဝင်များစုရပ်နေရာ၊ ထောက်ပံ့ရေးနေရာများနှင့် အခြားကာကွယ်မှုနည်းပါးသော ပစ်မှတ်များကို ထိရောက်စွာ တိုက်ခိုက်နိုင်သည်။ လောင်ချာကို ပုံမှန်အားဖြင့် 6×6 ထရပ်ကား ကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားပြီး နေရာအမြန်ရွှေ့ပြောင်းနိုင်ကာ ပြန်လှန်ပစ်ခတ်မှု သို့မဟုတ် လေကြောင်းတိုက်ခိုက်မှု အန္တရာယ်ကိုလျှော့ချပေးနိုင်သည့် ပစ်ပြီးရှောင်နည်းဗျူဟာများကို လွယ်ကူချောမွေ့စွာ ကျင့်သုံးနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**Venezuelan BM-21 Grad Multiple Rocket Launcher Positioned on Caribbean Beach Amid Rising Tensions** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးက အမျိုးသားကန်တော်ကြီးဥယျာဉ် ၁၈ ကြိမ်မြောက်ပန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်ရမည်ဖြစ်ပြီး ဒေသပန်းမျိုးများ၊ နိုင်ငံခြားဖြစ်ပန်းမျိုးများ အားလုံးဖြစ်ထွန်းအောင်မြင်အောင်ဆောင်ရွက်၍ အခြားဒေသများသို့ ဖြန့်ချိနိုင်ရမည်ဖြစ် . . .**

**ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေးတိုးတက်အောင် သက်ဆိုင်ရာသုတေသနအဖွဲ့များက ဆောင်ရွက်သွားရန် လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်း၊ မျိုးသန့်များကိုလည်း ဒေသတွင်းအောင်မြင်ဖြစ်ထွန်းစွာဖြင့် ဖူးပွင့်နိုင်ရေးစမ်းသပ်ဆောင်ရွက်သွားရန်လို . . .**

ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား ကန်တော်ကြီးဥယျာဉ်ရှင်းလင်းဆောင်ခန်းမ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးနှင့် ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးတို့က ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃ ရက်၌ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကန်တော်ကြီးဥယျာဉ်သို့ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များကို လိုက်နာဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ် ၁၈ ကြိမ်မြောက်ပန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပြကွက်များအလိုက် အလှပန်းမန်များစိုက်ပျိုးထားရှိမှုအခြေအနေများ၊ လာရောက်အပန်းဖြေအနားယူကြမည့်သူများအတွက် ဂီတဖျော်ဖြေပွဲများ ထည့်သွင်းဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပန်းပွဲတော်တေးသီချင်း စီစဉ်ရိုက်ကူးထားရှိမှုအား တင်ပြသည်။

တင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက **ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်ရမည်ဖြစ်ပြီး ဒေသပန်းမျိုးများ၊ နိုင်ငံခြားဖြစ်ပန်းမျိုးများ အားလုံးဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်၍ အခြားဒေသများသို့ ဖြန့်ချိနိုင်ရမည်ဖြစ်ကြောင်း၊**ထို့ပြင် ပြည်ပနိုင်ငံများသို့လည်း ပန်းများကို တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသအတွင်း ပန်းစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိစွာအသုံးချ၍ ပန်းမြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီအောင် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသအတွင်း ပန်းစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေး ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေးတိုးတက်အောင် သက်ဆိုင်ရာသုတေသနအဖွဲ့များက ဆောင်ရွက်သွားရန် လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်း၊ မျိုးသန့်များကိုလည်း ဒေသတွင်းအောင်မြင်ဖြစ်ထွန်းစွာဖြင့် ဖူးပွင့်နိုင်ရေးစမ်းသပ်ဆောင်ရွက်သွားရန်လိုကြောင်း၊** ဥယျာဉ်နေရာများ၌သာမက မြို့အတွင်းရှိ လမ်းများ၊ ရပ်ကွက်များအတွင်း၌လည်း သစ်ပင်ပန်းမန်များ စိုက်ပျိုး၍ မျက်စိပသာဒဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း။

ထို့ပြင် ပြင်ဦးလွင်မြို့၏ တောင်ဘက်ပိုင်း၌ သစ်တောဖုံးလွှမ်းမှုရှိစေရေး ပြန်လည်ဆောင်ရွက်သွားရန်လိုပြီး ပြင်ဦးလွင်ဒေသ၏ စိမ်းလန်းစိုပြည်မှုနှင့် အေးမြသာယာသည့် ရာသီဥတုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့အတွင်း လမ်းဘေးများရှိ သစ်ပင်များနှင့် ကန်တော်ကြီးဥယျာဉ်အတွင်းရှိ သစ်ပင်များကိုလည်း အောက်ခြေရှင်းခြင်း၊ အလင်းဖွင့်ခြင်းတို့ဆောင်ရွက်၍ လေဝင်လေထွက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် နှစ် ၅၀ပြည့် နှစ်ပတ်လည်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် ၇၀ ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်




ရန်ကုန် ဒီဇင်ဘာ ၂

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ တည်ထောင်သည့် နှစ် ၅၀ ပြည့်နှစ်ပတ်လည်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှုနှစ် ၇၀ ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ည ၆ နာရီခွဲတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာလာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Bounphieng CHANTHAVONG နှင့် ဇနီး၊ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Bounphieng CHANTHAVONG က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် နှစ် ၅၀ ပြည့် နှစ်ပတ်လည်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် ၇၀ ပြည့်နှစ်ပတ်လည်အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးပြီး ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ရွှံ့ညွှန်လျှောက်လမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု၍ ရွှံ့ညွှန်လျှောက်လမ်းဆောင်ရွက်ထားရှိမှု၊ ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုများ၊ ဒေသပန်းမျိုးများ သုတေသနစင်တာနှင့် စမ်းသပ်စိုက်ခင်းအတွင်း သုတေသနပြုစိုက်ပျိုးစမ်းသပ်ထားရှိမှု၊ ရေကန်ပတ်လမ်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရွှံ့ညွှန်လျှောက်လမ်းပေါ်တွင် လူအများသွားလာကြမည်ဖြစ်သဖြင့် သစ်အမျိုးအစားကောင်းများအသုံးပြုခြင်းကျင်းရန်နှင့် ကြံ့ခိုင်သပ်ရပ်မှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသပန်းမျိုးများကို စနစ်တကျ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

သုတေသနပြုလုပ်၍ အပင်သက်တမ်း၊အပွင့်သက်တမ်းမြင့်မားစေရေး၊ ပွင့်အားကောင်းမွန်မှုရှိစေရေး ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီးပတ်လမ်းနှင့် ခြံစည်းရိုးဆောင်ရွက်ထားရှိမှုကို လျှောက်လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လျှောက်လမ်းနံဘေး၌ အလှပန်းမန်များ စိုက်ပျိုးသွားရန်၊ သန့်ရှင်းသာယာမှုရှိစေရေးဆောင်ရွက်သွားရန်၊ လမ်းလျှောက်သူများ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ကန်တော်ကြီးပတ်လမ်းခြံစည်းရိုးနှင့် လူသွားလမ်းကို ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လူသွားလမ်းအကျယ် ခုနစ်ပေမှ ၁၂ ပေ၊ လမ်းအရှည် ပေ ၁၉၀၀ ရှိ လူသွားလမ်းနှင့် ခြံစည်းရိုးကို ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့လူသွားလမ်းကို ပြုပြင်တည်ဆောက်ခဲ့ခြင်းကြောင့် အများပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် ကန်တော်ကြီးပတ်လမ်းတစ်လျှောက် အနားယူအပန်းဖြေလမ်းလျှောက်ခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးက ညှော်ခံပွဲသို့ တက်ရောက်လာကြသူများကို ညစာစားပွဲဖြင့် တည်ခင်းညှော်ခံခဲ့သည်။

အဆိုပါညှော်ခံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညိုနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟို၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သုတေသနပြုဖော်ထုတ်ရရှိသော ပန်းမျိုးသစ်များကို ပြင်ဦးလွင်ဒေသတစ်ဝိုက်ရှိ တောင်သူများစိုက်ပျိုးနိုင်ရေးအတွက် နည်းပညာနှင့် မျိုးစေ့ဖြန့်ဖြူးရေးလုပ်ငန်းများကို နှစ်အလိုက်ပိုမိုထုတ်လုပ်ပေးနိုင်ရေး ကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၂**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်ဒိုးကွင်ဥယျာဉ်ခြံ၏ သုတေသနပြုမျိုးစေ့ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ခြံအတွင်း မျိုးစေ့ထုတ်လုပ်ရန်နှင့် သုတေသနပြုလုပ်ရန်စိုက်ပျိုးထားသော ဒေသသစ်ခွပန်းများ၊ မေမြို့ပန်းများ၊ ဂန္ဓမာပန်းများ၊ ဒေလီယာပန်းများ၊ ဒေစီပန်းများ အပါအဝင် ပန်းမျိုးများကို သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သုတေသနပြုဖော်ထုတ်ရရှိသော ပန်းမျိုးသစ်များကို ပြင်ဦးလွင်ဒေသတစ်ဝိုက်ရှိ တောင်သူများစိုက်ပျိုးနိုင်ရေးအတွက် နည်းပညာနှင့် မျိုးစေ့ဖြန့်ဖြူးရေးလုပ်ငန်းများကို နှစ်အလိုက် ပိုမိုထုတ်လုပ်ပေးနိုင်ရေး ကြိုးပမ်းကြရန် တာဝန်ရှိသူများကို မှာကြားသည်။

၂၀၂၃ခုနှစ်အတွင်း နိုင်ငံတော်အကြီးအကဲ၏ ပြင်ဦးလွင်ခရီးစဉ်လမ်းညွှန်ချက်များအရ ပြင်ဦးလွင်မြို့တော်ကို ပန်းမြို့တော်ဖြစ်ပေါ်စေရေးအတွက် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော မေမြို့ပန်းမျိုးများ၊ နှင်းဆီပန်းများအပါအဝင် အခြားသောပန်းမျိုးများကို သုတေသနပြုလုပ်၍ အရောင်အသွေးစုံ အပွင့်ပုံစံမျိုးစုံထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိရေးအတွက် ဒေသမျိုးအချင်းချင်း မျိုးကူးစပ်ခြင်း၊ စုဆောင်းထားရှိသည့် ဒေသမျိုးများနှင့် ပြည်ပမျိုးများမျိုးစပ်မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒိုးကွင်ခြံသည် အကျယ်အဝန်း ၄၀ ဒသမ ၄၆ ဧကရှိပြီး ၂၀၂၂ ခုနှစ်မှစတင်၍ ဒေသသစ်ခွပန်းမျိုးစုဆောင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းမှ သစ်ခွမျိုးပေါင်း ၁၀၃ မျိုး စုဆောင်းထားရှိပြီး တစ်သျှူးနည်းပညာဖြင့် မျိုးပွားများခြင်း၊ မင်္ဂလာဒုံသစ်ခွခြံ၊ ဘားလားသစ်ခွခြံတို့နှင့် သစ်ခွမျိုးစပ်ခြင်း သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ကြောင်း၊ မင်္ဂလာဒုံသစ်ခွခြံမှ မျိုးစပ်ထုတ်လုပ်သော သစ်ခွစပ်မျိုး ၁၂ မျိုးကို ပြင်ဦးလွင်ဒေသရေမြေအခြေအနေနှင့် ကိုက်ညီမှုရှိမရှိ စမ်းသပ်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ နှင်းဆီမျိုးကွဲပေါင်း ၃၂ မျိုးအနက် ထူးခြားသည့် အရောင်၊ အပွင့်၊ ပုံစံနှင့် မွှေးရနံ့ရရှိစေရေးရွေးချယ်မျိုးစပ်လျက်ရှိရာ စပ်မျိုးအတွဲပေါင်း ၂၁ တွဲ မျိုးစပ်ထားရှိကြောင်း၊ လာမည့်နှစ်တွင် အဆိုပါစပ်မျိုးများအား အပင်အဖြစ်မွေးမြူ၍ ထူးခြားသည့် အနံ့၊ အပွင့်၊ အရောင်တို့ကို စိုက်ပျိုးရွေးချယ်ပြီး ဒေသတွင်း စီးပွားဖြစ်ခြံများသို့ မျိုးသစ်များဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်းဒေသမျိုးမေမြို့ပန်းများကို တာရှည်ခံနိုင်ရေး၊ အပင်ပင်စည်တောင့်တင်းမှုရှိစေရေး၊ ရောင်စုံမျိုးသစ်များပေါ်ထွက်ရေး သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသတွင်ဖြစ်ထွန်းနိုင်သည့် ဒေစီပန်း၊ ကညွတ်ပန်း၊ ကျောက်ခတ်ပန်း၊ ရေမွှေးပန်း၊ တိုးနရားပန်းအပါအဝင် ဒေသပန်းမျိုးစုံကို ဈေးကွက်ဝင်အရည်အသွေးဖြင့် မျိုးထုတ်လုပ်နိုင်ရေးကိုလည်း သုတေသနပြုဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း။

ဒိုးကွင်ဥယျာဉ်ခြံမှ နှစ်စဉ် ဂန္ဓမာပန်းပျိုးပင် ၆၀၀၀၀၀၊ ကြက်မောက်ပန်းပျိုးပင် ၅၀၀၀၊ ဒေလီယာပန်းပျိုးပင် ၂၀၀၀၊ ဒေစီပန်းပျိုးပင် ၁၂၀၀၊ ရေမွှေးပန်းပျိုးပင် ၁၅၀၀၊ သစ်ခွပန်း ပျိုးပင် ၁၅၀၀ ၊ မေမြို့ပန်းမျိုးစေ့များကို နှစ်စဉ်ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် နှစ်စဉ်ကျင်းပလျက်ရှိသော ပြင်ဦးလွင်ပန်းပြပွဲသို့လည်း မျိုးစေ့ပျိုးပင်များ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ပြင်ဦးလွင်ကို ပန်းမြို့တော်ဖြစ်စေရေးအတွက် နည်းပညာဖြန့်ဖြူးပေးခြင်း၊မျိုးစေ့များဖြန့်ဖြူးပေးခြင်းလုပ်ငန်းများကို ပညာရှင်များစုဖွဲ့၍ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ ကျောဖုံးမှအဆက်

စနစ်တကျ နေရာချထားပေးသွားရန်လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ကာလအတွင်း ပြီးစီးမှုရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီမှုရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာတွင် နေထိုင်သူများ ကျန်းမာရေးအထောက်အကူပြုရန်အတွက် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ရန် နေရာများ ထည့်သွင်းတည်ဆောက်သွားရန်နှင့် အထပ်မြင့်အဆောက်အအုံများကို သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်အောင် စနစ်တကျတွက်ချက် ဆောက်လုပ်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။



ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာအဆောက်အအုံအား တွေ့ရစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ဘူတာကြီး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အိမ်ရာတွင် နေထိုင်နေကြသည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်ချက်များကို မေးမြန်းသည်။

အဆိုပါ ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတွင် အခြားအဆင့်နေအိမ် နှစ်ခန်းတွဲလေးထပ် ၁၀ လုံး၊ အခြားအဆင့်နေအိမ် လေးခန်းတွဲခြောက်ထပ် ၁၀ လုံး၊ အရာရှိငယ်နေအိမ် လေးခန်းတွဲ ခြောက်ထပ် သုံးလုံး၊ အရာရှိကြီးနေအိမ် လေးခန်းတွဲခြောက်ထပ် တစ်လုံးတို့ကို ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်းနှင့် အရာရှိကြီးနေအိမ်၊ အရာရှိငယ်နေအိမ်နှင့် အခြားအဆင့်နေအိမ်များကို ထပ်မံ၍ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ပြင်ဦးလွင်မြို့ ဘူတာကြီး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက ဘူတာရုံအတွင်း သန့်ရှင်းသာယာမှုရှိစေရေးဆောင်ရွက်ထားရှိမှု၊ ဘူတာရုံဧရိယာအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သူများ၊ စီးပွားရေးလုပ်ငန်းဝင်ရောက်လုပ်ကိုင်နေသူများကို ဖယ်ရှားရှင်းလင်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဘူတာရုံဧရိယာအတွင်း စနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး ဘူတာရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင် မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“တိုင်းပြည်၏ အနာဂတ်ကောင်းကျိုးအတွက် ကြိုးပမ်းထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းတွေကို ခြိမ်းခြောက်ဖမ်းဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ၃-၁၂-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၀-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **“ကြိုတင်မြော်တွေးချက်နဲ့ ပြည်သူ့အကျိုးအတွက် ရွေးထွေးတဲ့ကမ်းလင့်ချက်”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၆ / ၂၀၂၅)ထုတ်ပြန်

၁။ ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ မသန်စွမ်းသူများသည် အမြင်အာရုံ၊ အကြားအာရုံ၊ ကိုယ်အင်္ဂါ၊ စိတ်ပိုင်းနှင့် ဉာဏ်ရည်ဆိုင်ရာ စသည့် ချို့ယွင်းအားနည်းမှုတစ်ခုခုနှင့် မသန်စွမ်းမှုတစ်မျိုးမျိုးကို ကြုံတွေ့ခံစားနေရသူများဖြစ်သော်လည်း အချို့ကဏ္ဍများ၌ သာမန်ထက်ပင် စွမ်းဆောင်နိုင်ကြကြောင်း တွေ့ရှိရပါသည်။ မသန်စွမ်းသူများကို ကာကွယ်ပေးရန်၊ ကူညီပေးရန်နှင့် မြှင့်တင်ပေးရန် အလို့ငှာ ၁၉၉၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၄၇/ ၃)ဖြင့် နှစ်စဉ်ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တွင် ၃၃ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

၂။ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအားလုံးကို မြှင့်တင်ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့၏ မွေးရာပါ လူသားဂုဏ်သိက္ခာအား လေးစားရန်တို့ကိုရည်ရွယ်၍ ကုလသမဂ္ဂက ၂၀၀၆ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities-CRPD) ကို အတည်ပြုခဲ့ရာ မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ်တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် နိုင်ငံတော်က မသန်စွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ရမည်ဟု ဖော်ပြထားပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမိုကြည့်ရှုစောင့်ရှောက်နိုင်ရန်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅ ခုနှစ်)ကိုလည်း ပြဋ္ဌာန်းထားပါသည်။

၄။ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တန်းတူညီမျှမှုရှိရေးနှင့်စပ်လျဉ်း၍ မသန်စွမ်းသူများသည် မွေးရာပါ အခွင့်အရေးများ၊ အသက်ရှင်သန်ခွင့်၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာလေးစားမှုတို့ကို ခံစားခွင့်ရှိစေရမည့်အပြင် လူမှုအသိုက်အဝန်းတွင် မသန်စွမ်းမှုကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုနှင့် နှိမ့်ချမှုမရှိစေရေးတို့ကို ဂရုပြုလိုက်နာဆောင်ရွက်ကြရပါမည်။ နိုင်ငံတော်ကလည်း မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကဏ္ဍစုံတွင် လက်လှမ်းမီရရှိနိုင်စေရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၅။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲများ၊ သင်ခန်းစာပို့ချမှုများတွင် ထည့်သွင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို မျက်မမြင်လက်စမ်းဘာသာ စာအုပ်ပြုစုထုတ်ဝေခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (CRPD)ကို ဘာသာပြန်ဆို၍ ထုတ်ဝေခြင်းအပါအဝင် စာအုပ်စာတမ်းများ ပုံနှိပ်ဖြန့်ချိလျက်ရှိပါသည်။ ထို့ပြင် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် မသန်စွမ်းသင်တန်းကျောင်းများသို့ သွားရောက်၍ မသန်စွမ်းသူများ၏ အခြေခံလူ့အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးကာ အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်တို့နှင့်လည်း ပူးပေါင်း၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါသည်။

၆။ ယခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂကချမှတ်ထားသော ဆောင်ပုဒ်ဖြစ်သည့် **“လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး- Fostering disability inclusive societies for advancing social progress”**နှင့်အညီ ကဏ္ဍအသီးသီးတွင် မသန်စွမ်းသူများ လက်လှမ်းမီပါဝင်နိုင်ရေး သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြပါရန် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့တွင် အလေးအနက်တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃ ရက်

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့တွင် လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာရှိ သာသနာ့ဗေဃျုံကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၆၄ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၄၁ ဦး၊ ခွဲစိတ်ရောဂါ ၃၂ ဦး၊ သားဖွားမီးယပ်ရောဂါဦးရေ ၄၀၊ ကလေးရောဂါ ၂၉ ဦး၊ အရိုးရောဂါ ၉၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၅ ဦး၊ မျက်စိရောဂါ ၄၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၆ ဦး စုစုပေါင်းဒေသခံပြည်သူ ၅၆၄ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်ကုသလူနာ ငါးဦး၊ သွားနုတ်၊သွားဖာ ၁၉ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၉ ဦး၊ Ultra-sound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦး တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အဆိုပါကျောင်းတိုက်၌ ဖွင့်လှစ်ထားသော လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ ကျောင်းသား၊ ကျောင်းသူများကို သွားနှင့်ခံတွင်းရောဂါအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-

“ကျွန်တော့်နာမည်က ဦးတင်ဆန်း ဖြစ်ပါတယ်။ ကျွန်တော်က ဘီတွတ်ရွာမှာပဲနေတာ နံရိုးနာကျင်ကိုက်ခဲမှုရယ်၊ မျက်လုံးရယ်လာပြတာပါ။ အဆင်ပြေပါတယ်။ တိုက်ရိုက်လာလုပ်တဲ့အတွက် စရိတ်ကအစ သက်သာတာရယ်၊ ကျန်းမာရေးဝန်ဆောင်မှုတွေ ကောင်းမွန်တာကြောင့် အများကြီးဝမ်းသာပါတယ်။ သွားပြရမယ်ဆိုရင် ခရီးစရိတ်၊ စားစရိတ်၊ သွားစရိတ်တွေကအများကြီး အခက်အခဲ



ရှိတယ်။လူမျိုးလဲမခွဲခြားဘူး၊ လူတန်းစားလဲမခွဲခြားဘူး။ ကုသရတဲ့နေရာကလဲ ကျယ်ဝန်းတယ်။ ညှိခံကြိုဆိုမှုနဲ့ ဆရာဝန်ကြီးတွေရဲ့ နွေးထွေးစွာစောင့်ရှောက်မှုတို့ကြောင့် လူတွေအားလုံးက လာကြတာ၊ ဦးစီးလုပ်ဆောင်ပေးကြတဲ့ ဒီက နယ်လှည့်ဆေးကုသရေးအဖွဲ့တွေ ဆရာဝန်ကြီးတွေအားလုံးကို ကျွန်တော်တို့ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်စား ကျွန်တော်က အများကြီးကျေးဇူးတင်ပါတယ်”ဟု ပြောသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မိုးကောင်းမြို့နယ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံ၊ ရပ်ကွက်များအတွင်း မဲဆန္ဒရှင်စာရင်း ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများတွေ့ ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ပြုလုပ်ရာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော် ထွေးနှင့်တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူ များက မိုးညှင်းခရိုင်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက် ပွဲကျင်းပပြုလုပ်နိုင်ရေး ဆောင်ရွက်ထား ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြ ကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူ များသည် မိုးကောင်းမြို့နယ် စံပါရီ ကွက်သစ်ရပ်ကွက်နှင့် အောင်မင်္ဂလာ ရပ်ကွက်တို့အတွင်းရှိ နေအိမ်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့ တို့က တစ်အိမ်တက် တစ်အိမ်ဆင်း စစ်ဆေးဆောင်ရွက်ပေးနေမှုအခြေအနေ များ၊ မဲစာရင်းမှန်ကန်မှု ရှိ၊ မရှိ တိုက်ဆိုင် စစ်ဆေးနေမှုအခြေအနေများကို လှည့် လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဇော်ဟိန်း | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုလွှတ်တော်ရုံး |
| (၂) ဒေါက်တာသန်းသန်းဝင်း | ပါမောက္ခချုပ်<br>မုံရွာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမား တို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ညောင်ဦးမြို့နယ် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်-တောင်ဇင်း ဘူတာအကြား တံတားအမှတ်(၁၅၇)အနီး ရထားသံလမ်းပျက်စီးမှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ် ပုဂံ-ကျောက်ပန်းတောင်း လမ်းပိုင်းအတွင်း စုတည်ဘူတာနှင့် တောင်ဇင်းဘူတာအကြား သံလမ်းပြေး ယာဉ် RGC 103 ဖြင့် ရထားလမ်းပိုင်းကို ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ ခန့်တွင် သွားရောက်စစ်ဆေးစဉ် မိုင်တိုင်အမှတ် (၃၈၁/ ၁၅-၁၆) ကြား ပေ ၂၀ အရှည်ရှိ သံဘောင်တံတားအမှတ် (၁၅၇) အနီးတွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်း ထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ရထား သံလမ်းအရှေ့ဘက်ခြမ်း သံလမ်းဖိနပ် တစ်ပေခန့် ပွဲထွက်ပျက်စီးခြင်းနှင့် ဇလီ ဖား သုံးတုံး ကျိုးပဲ့နေကြောင်းတွေ့ရှိရ သဖြင့် စုတည်-တောင်ဇင်း ရထားလမ်း ပိုင်းကို နံနက် ၁၀ နာရီ ၁၆ မိနစ်ခန့်တွင် ယာယီပိတ်ထားခဲ့ကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာ ရထားလမ်းနေရာသို့ နယ်မြေဒေသတာဝန် ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင် များက နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် နယ်မြေရှင်းလင်းစစ်ဆေး ဆောင်ရွက် ခဲ့ပြီး မြန်မာ့မီးရထားဝန်ထမ်းများအနေ ဖြင့် လမ်းပိုင်းကို အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် သံလမ်းအား ဖြုတ်တောက်လဲလှယ်၍ အစားထိုး တပ်ဆင်ခြင်း၊ လမ်းပြုပြင်ခြင်းများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၂ နာရီ ၅၁ မိနစ်ခန့်တွင် လမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မိုင်းပေါက်ကွဲမှု ကြောင့် ရထားကြန့်ကြာမှုမရှိကြောင်းနှင့် လမ်းပိုင်းအတွင်း အပတ်စဉ်ပြေးဆွဲ လျက်ရှိသည့် ရန်ကုန်-ပုဂံ အမှတ်(၆၁) အဆန် လူစီးရထားနှင့် အမှတ်(၆၂)အစုန် ပုဂံ-ရန်ကုန် လူစီးရထားများ ပုံမှန်အတိုင်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း ၈၃ ကြိမ်၊ ရထား တံတား၊ သံလမ်းများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း ၁၇၉ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်း နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြပြီး နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်း နှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီး ခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ် နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာ နိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီး နေကြခြင်းဖြစ်သော်လည်း နိုင်ငံတော် အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံ များ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး နှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့် တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်း ချက်ထားရှိ၍ အစဉ်တစိုက်အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။ (၅၀၁)




အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့် တောင်ဇင်းဘူတာအကြားရှိ ပေ ၂၀ အရှည် သံဘောင်တံတားပေါ်၌ ရထားသံလမ်းပျက်စီးမှုကို တွေ့ရစဉ်။




အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့် တောင်ဇင်းဘူတာအကြားရှိ တံတားအမှတ်(၁၅၇) အပေါ်ရှိ ရထားသံလမ်း ပြုပြင်နေမှုနှင့် ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများကို အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မြို့မမြောက်ရပ်ကွက်နေ ကျော်ဝင်းနိုင် ၄၆ နှစ်သည် ၎င်းအသုံးပြုသည့် "Kyaw Win Naing" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားလှုံ့ဆော်ခဲ့ကြောင်း ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် ၎င်းကို နိုဝင်ဘာ ၃၀ ရက်တွင် ရေနံချောင်းမြို့မရဲစခန်းက (ပ) ၃၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း၊

အလားတူ နိုဝင်ဘာ ၂၇ ရက် ည ၁၀ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဆိပ်ကြီးဦးမြငါးစင်ရပ်ကွက် ဦးမြအပိုင်ဖွံ့ဖြိုးရေးလမ်းနှင့် ကွက်သစ်လမ်းဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ် ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါဆိုင်းဘုတ်ကို ဖျက်ဆီးသွားသူ အဆိုပါရပ်ကွက်နေ သိသာဆို ၃၀ နှစ်ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းကို နိုဝင်ဘာ ၂၈ ရက်တွင် စက်ဆန်းနယ်မြေရဲစခန်းက (ပ)၁၃၉/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း၊

ထို့အတူ နိုဝင်ဘာ ၂၈ ရက်တွင် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာနေ ခိုင်စိုး ၅၈ နှစ်သည် ၎င်းအသုံးပြုသည့် "Khaing Soe" Facebook Account ဖြင့် Messenger တွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ပျက်ပြားစေရန်နှင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန် စာသားများ ရေးသားပြောဆိုထားသည်ကို ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် ၎င်းကို နိုဝင်ဘာ ၂၈ ရက်တွင် သန်လျင်မြို့မရဲစခန်းက (ပ)၄၃၀/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်သည့်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး သရက်မြို့ တောင်မင်းတည်းရပ်ကွက်နေ အခြေခံပညာအလယ်တန်းကျောင်း (ပိဿလိမ်း) မှကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုအေး၏ လက်ကိုင်ဖုန်းသို့ ဖုန်းနံပါတ် ၀၉-၆၇၃၅၆၂၀၇၈ နံပါတ်ဖြင့် "ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခြင်း မပြုရန်နှင့် ဆရာမကြီးကျောင်းက မဲရုံတာဝန်ရှိသူများကိုပါ ကြိုတင်သတိပေးတာပါ"ဟု ခြိမ်းခြောက်စာပေးပို့ခဲ့သဖြင့် အဆိုပါခြိမ်းခြောက်စာရေးသားပေးပို့ခဲ့သူ (စိစစ်ဆဲ)ကို နိုဝင်ဘာ ၂၉ ရက်တွင် သရက်မြို့မရဲစခန်းက (ပ)၈၃/၂၀၂၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း၊

ထို့အတူ နိုဝင်ဘာ ၁၆ ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (သိမ်ဇရပ်)မှ ဆရာမ ကိုးဦးသည် ကျိုက်ထိုမြို့၌ ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြင့်သင်တန်းတက်ရောက်ရန် မော်တော်ယာဉ်ဖြင့် သွားစဉ် ကျိုက်ထိုမြို့နယ် ကမ်းနီကျေးရွာ တိုးဂိတ်အနီးအရောက်၌ သံချောင်းဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်သမားများက မော်တော်ယာဉ်ကို တားဆီးကာ ဖမ်းဆီးခေါ်ဆောင်သွားပြီး ဆရာမများကို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်း မပြုလုပ်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် သံချောင်းဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်သမားများကို နိုဝင်ဘာ ၂၅ ရက်တွင် သိမ်ဇရပ်နယ်မြေရဲစခန်းက (ပ)၁၅၆/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)ဖြင့် လည်းကောင်း၊

အလားတူ နိုဝင်ဘာ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ရေလဲကျေးရွာအုပ်စုနှင့် နတ်သံကွင်းကျေးရွာအုပ်စုတို့မှ ကျေးရွာတာဝန်ခံများကို တင်ဆန်းဦး ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်အုပ်စုနှင့် KNLA အကြမ်းဖက်ပူးပေါင်းအဖွဲ့က ရင်းတိုက်ကုန်းကျေးရွာသို့ ခေါ်ဆောင်ကာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပါဝင်ဆောင်ရွက်ခြင်းမပြုရန်နှင့် ဆန္ဒမဲပေးခြင်းမပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် တင်ဆန်းဦး ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်အုပ်စုနှင့် KNLA အကြမ်းဖက်ပူးပေါင်းအဖွဲ့ကို နိုဝင်ဘာ ၂၅ ရက်တွင် ကျောက်ကြီးမြို့မရဲစခန်းက (ပ)၆/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(ခ) ဖြင့် လည်းကောင်း၊

ထို့အတူ နိုဝင်ဘာ ၂၂ ရက်တွင် ချင်းပြည်နယ် ဟားခါးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မာမြင့်၏ လက်ကိုင်ဖုန်းသို့ ဖုန်းနံပါတ် ၀၉ - ၂၅၁၈၈၈၆၂၂ ဖြင့် "ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရန်နှင့် သတိနဲ့နေပါ" ဟု ခြိမ်းခြောက်ခဲ့သဖြင့် ထိုသို့ခြိမ်းခြောက်ပြောဆိုခဲ့သူ(စိစစ်ဆဲ)ကို နိုဝင်ဘာ ၂၈ ရက်တွင် ဟားခါးမြို့မရဲစခန်းက (ပ)၅၅/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း၊

အလားတူ နိုဝင်ဘာ ၂၃ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာရပ်ကွက်နှင့် ရမ်ပူရပ်ကွက် အဝင်လမ်းဆုံထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ် ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)ကို နိုဝင်ဘာ ၂၆ ရက်တွင် မြစ်ကြီးနားမြို့ နယ်မြေရဲစခန်းက (ပ)၂၂၃/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း၊

ထို့အတူ နိုဝင်ဘာ ၂၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ရေချိုကုန်းကျေးရွာ ရာအိမ်မှူး ဦးမြင့်စိုး၏ နေအိမ်ခြံဝင်းအတွင်းသို့ "ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရန် ခြိမ်းခြောက်ရေးသားထားသည့်" ခြိမ်းခြောက်စာတစ်စောင် လာရောက်ပစ်ချသွားခဲ့သဖြင့် အဆိုပါခြိမ်းခြောက်စာပစ်ချခဲ့သူ(စိစစ်ဆဲ)ကို နိုဝင်ဘာ ၂၇ ရက်တွင် ကန်ဘက်နယ်မြေရဲစခန်းက (ပ)၅၉/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာ ၂၅ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ဇာသပြင်-ကျားကလေးသွားကားလမ်းနှင့် ခရားအတွင်းကျေးရွာ ရွာအဝင်လမ်းဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ် ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးခဲ့သူ (စိစစ်ဆဲ)ကို နိုဝင်ဘာ ၂၅ ရက်တွင် ဇာသပြင်နယ်မြေရဲစခန်းက (ပ)၂၀/၂၀၂၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း၊

ထို့အတူ နိုဝင်ဘာ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (င)ရပ်ကွက် ၁၂၁ လမ်းနှင့် လမ်း ၆၀ ထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ် ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)ကို နိုဝင်ဘာ ၂၆ ရက်တွင် ပြည်ကြီးတံခွန်မြို့မရဲစခန်းက (ပ)၂၂၅/၂၀၂၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း၊

အလားတူ နိုဝင်ဘာ ၂၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ အမှတ်(၂)ရပ်ကွက် မြို့ပတ်လမ်းနှင့် ထန်းတောင်လမ်းဆုံထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ် ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)ကို နိုဝင်ဘာ ၂၇ ရက်တွင် ငွေဆောင်နယ်မြေရဲစခန်းက (ပ)၃၁/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း၊

ထို့အတူ နိုဝင်ဘာ ၂၉ ရက် ညနေ ၃ နာရီတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အေးကျွန်းကျေးရွာနေ ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝေလင်းထက် ၃၇ နှစ်သည် နေအိမ်၌ မိသားစုနှင့်အတူရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမား သုံးဦး (စိစစ်ဆဲ)က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ဦးဝေလင်းထက်အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းကို ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဖမ်းဆီးသွားသည့် PDF အမည်ခံ အကြမ်းဖက်သမား သုံးဦး (စိစစ်ဆဲ)ကို နိုဝင်ဘာ ၂၉ ရက်တွင် ပခုက္ကူမြို့မရဲစခန်းက (ပ)၁၇၂/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာ ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာ လမ်းလေးဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ် ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)ကို နိုဝင်ဘာ ၃၀ ရက်တွင် ကျွန်းစုမြို့မရဲစခန်းက (ပ)၄၈/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)


## မုန်တိုင်းငယ် တဖြည်းဖြည်း အားလျော့သွားနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း၊ ပူဒူချယ်ရီနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression)သည် တောင်-အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏အနောက်ဘက် ရေမိုင် ၇၆၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ မြောက်-အရှေ့မြောက်ဘက် ရေမိုင် ၆၅ မိုင်ခန့်နှင့် ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း-ပူဒူချယ်ရီကမ်းခြေတို့သို့ ဦးတည်ရွေ့လျားနိုင်ကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။



# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ငါးလုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ အလုံး ၂၀ ထပ်မံချိပ်ပိတ်သိမ်းဆည်း




နေပြည်တော် ဒီဇင်ဘာ ၂

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မယ်ထော်သလေး(KK Park)အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော တစ်ထပ်အားကစားရုံ တစ်လုံး၊ နှစ်ထပ် KTV အဆောက်အအုံ တစ်လုံး၊ နှစ်ထပ်လူနေအဆောက်အအုံ နှစ်လုံး၊ လေးထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ငါးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိအဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့ထိ အလုံး ၁၄၀ ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၈၈ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများလုပ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့ထိ တရားမဝင်အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးပြုမှု မရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရားမဝင်အဆောက်အအုံအလုံး ၂၀ ကို ထပ်မံချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင်အဆောက်အအုံ စုစုပေါင်း ၁၆၁ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာအလုံး ၃၃၁၀၊ မိုဘိုင်းဖုန်း အလုံး ၂၁၈၇၀၊ Star Link ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉၈ ဦး၊ ကင်ညာနိုင်ငံသား ၃၇ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၃၆ ဦး၊ ယူဂန်ဒါနိုင်ငံသား ၁၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ ဂါနာနိုင်ငံသား နှစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသား နှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား တစ်ဦး၊ တိုဂိုနိုင်ငံသား တစ်ဦးနှင့် ဘီနင်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၄၁၁ ဦးတို့ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၁၀၆၀၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၄၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံး၀အခြေ



KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက်လူနေအဆောက်အအုံ မဖြိုဖျက်မီ တွေ့ရစဉ်။



KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက်လူနေအဆောက်အအုံ ဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။



မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်ပြည်ပနိုင်ငံသားများ၏ အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။



မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်အဆောက်အအုံကို ချိပ်ပိတ်သိမ်းဆည်းမှု မှတ်တမ်းဓာတ်ပုံ။



တရားမဝင် ပြည်ပနိုင်ငံသားများ လွှဲပြောင်းနေမှုကို တွေ့ရစဉ်။

တို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား မပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပီရူးနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၁၂ ဦး သေဆုံးပြီး ဦးရေ ၃၀ ပျောက်ဆုံးနေ



**လီမာ ဒီဇင်ဘာ ၂**

ပီရူးနိုင်ငံ ကိုရိုနယ်ပိုတီလိုပြည်နယ်ရှိ အီပါရီယားဆိပ်ကမ်းတွင် ဒီဇင်ဘာ ၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ပြီး လူ ၁၂ ဦး သေဆုံး၊ ခြောက်ဦး ဒဏ်ရာရရှိပြီး ဦးရေ ၃၀ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့က ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ မြစ်ကမ်းပါးပြိုကျမှုသည် ဒီဇင်ဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီခန့်တွင် ဖြစ်ပွားခဲ့ပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော သင်္ဘောနှစ်စင်း ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း၊ အဆိုပါ သင်္ဘောများမှာ ရာပီဒိုးအိုရီအင်တေး ကုန်တင်သင်္ဘောနှင့် ဒီအိုရီဂိုခရီးသည်တင် သင်္ဘောတို့ဖြစ်ကြောင်း၊ ကုန်တင်သင်္ဘောသည် လုံးဝနစ်မြုပ်ကာ ကုန်ပစ္စည်းများ ဆုံးရှုံးခဲ့ရပြီး ဒီအိုရီဂိုခရီးသည်တင်သင်္ဘောသည် ပူကာယ်ပါမြို့မှထွက်ခွာလာခဲ့ပြီး အီပါရီယားဆိပ်ကမ်းသို့ ကမ်းကပ်နေစဉ် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သင်္ဘောပေါ်တွင် လိုက်ပါလာသည့် လူကြီးနှင့် ကလေးအပါအဝင် ၁၂ ဦး သေဆုံးခဲ့ရပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယနေ့တွင် ပျောက်ဆုံးနေသူခရီးသည် ဦးရေ ၃၀ ကို ရှာဖွေမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိတွင် မြစ်ကမ်းပါးပြိုကျမှုကြောင့် ဒဏ်ရာရရှိသူများကို အီပါရီယား ကျန်းမာရေးစင်တာတွင် ကုသမှုများ ဆောင်ရွက်ပေးနေပြီး ပျောက်ဆုံးသူများကို ရှာဖွေနေဆဲဖြစ်ကြောင်း၊ ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုများ ထပ်မံဖြစ်ပွားနိုင်သဖြင့် ကလိုနီယာကာဂို၊ ကူရီယာကာနှင့် ကာဂိုမက္ကာယာကဲ့သို့သော မြစ်ကမ်းအနီးဒေသများတွင် နေထိုင်သူများကိုသတိပြုနေထိုင်ကြရန် အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အင်ဒိုနီးရှားတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုနှင့် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူဦးရေ ၆၀၀ ထိ ရှိလာ

**ဂျကာတာ ဒီဇင်ဘာ ၂**

အင်ဒိုနီးရှားတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုနှင့် ရေကြီး ရေလျှံမှုကြောင့် သေဆုံးသူဦးရေ ၆၀၀ ထိ ရှိလာကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီ (BNPB) ၏ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားဒေသရှိ ပြည်နယ်သုံးခုထဲတွင် ဖြစ်ပွားနေသည့် ရေကြီးရေလျှံမှုနှင့်မြေပြိုမှုကြောင့် သေဆုံးသူဦးရေ ၆၀၀ ထိ မြင့်တက်လာပြီး ၄၇၂ ဦး ပျောက်ဆုံးနေကြောင်း၊ BNPB အကြီးအကဲဖြစ်သူ ဆူဟာရီယာတို၏ အဆိုအရ ဆူမတြားဒေသရှိ ပြည်နယ်သုံးခုဖြစ်သည့် မြောက်ဆူမတြား၊ အနောက်ဆူမတြားနှင့် အာချေး၌ သေဆုံးသူနှင့် ပျောက်ဆုံးသူ အများဆုံးရှိကြောင်း သိရသည်။

အဆိုပါသဘာဝဒဏ် အခံရဆုံးနေရာများသို့ ကူညီကယ်ဆယ်ရေးတပ်ဖွဲ့များကို ဖြန့်ကြက်စေလွှတ်ထားပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေသော်လည်း ရာသီဥတုအခြေအနေ ဆိုးရွားနေသေးသည့်အတွက် ကူညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ခရီးမရောက် ဖြစ်နေကြောင်း သိရသည်။

လက်ရှိတွင် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီသည် ပျောက်ဆုံးနေသူများ ရှာဖွေကယ်ဆယ်ရေး၊ ဆက်သွယ်ရေးပြတ်တောက်မှုများ ပြန်လည်ပြုပြင် ဆောင်ရွက်ရေးနှင့်သဘာဝဘေးကြောင့် ထိခိုက်ခံစားလျက်ရှိသည့် ဒေသခံ ၃ ဒသမ ၂သန်းထံ လူမှုစောင့်ရှောက်ရေးပစ္စည်းများ ချက်ချင်းပေးပို့ရေးကို အရေးပေါ်ဦးစားပေး လုပ်ဆောင်နေသည်ဟု ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# သီရိလင်္ကာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၃၅၅ ဦးထိ မြင့်တက်လာပြီး ပျောက်ဆုံးသူ ၃၆၆ ဦး ထိရှိလာ

**ကိုလံဘို ဒီဇင်ဘာ ၂**

သီရိလင်္ကာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါ တိုက်ခတ်ပြီးနောက်မိုးသည်းထန်စွာရွာသွန်းပြီးမြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၃၅၅ ဦးထိ မြင့်တက်လာပြီး ပျောက်ဆုံးနေသူ ၃၆၆ ဦးထိရှိလာကြောင်း နိုင်ငံ၏သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မုန်တိုင်းကြောင့် နေစရာအိမ်များပျက်စီးကာ အိုးမဲ့အိမ်မဲ့ဖြစ်နေသူများရှိနေပြီး ၎င်းတို့အတွက် အရေးပေါ် ကယ်ဆယ်စခန်းများ ဆောင်ရွက်ပေးထားကြောင်း၊ အဆိုပါစခန်းများတွင် လက်ရှိအချိန်ထိ လာရောက်ရွှေ့ပြောင်းနေထိုင်သူ ဦးရေ နှစ်သန်းခန့်ရှိပြီး ဒေသခံတချို့ကမူ အစိုးရက ကျောင်းများကို ရေဘေးဒုက္ခသည်များ ခိုလှုံရာစခန်းများအဖြစ် ဆောင်ရွက်ပေးထားသည့် နေရာများတွင် နေထိုင်ခိုလှုံနေကြရကြောင်း သိရသည်။




နိုင်ငံပိုင် မိုးလေဝသဌာန၏ အဆိုအရ မိုးဆက်လက်ရွာသွန်းမည်ဟု ခန့်မှန်းထားကာ ထပ်မံရေကြီးရေလျှံမှု ဖြစ်ပွားနိုင်သဖြင့် ဒေသခံပြည်သူများကို သတိပြုနေထိုင်ကြရေး သတိပေးထားကြောင်း သိရသည်။

ထို့ပြင် ဒေသခံအချို့က သင်္ဘောများဖြင့် ၎င်းတို့၏အိမ်များမှ တန်ဖိုးရှိပစ္စည်းများ ပြန်ရယူလိုကြသော်လည်း ရာသီဥတုအခြေအနေ ဆိုးရွားမှုကြောင့် ထိုသို့ဆောင်ရွက်ရန်မဖြစ်နိုင်သေးကြောင်း အာဏာပိုင်များက ပြောကြားထား ပြီးလူနေအိမ်များ၊ စူပါမားကတ်များ၊ ဆေးဆိုင်များနှင့် အခြားသော စီးပွားရေးလုပ်ငန်းများ ရေလွှမ်းမိုးမှုကြောင့် စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုများမြင့်တက်လာမည်ကို ဒေသခံများအနေဖြင့် စိုးရိမ်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ရေကြီးရေလျှံမှုဒဏ်ခံရသော သီရိလင်္ကာနိုင်ငံအတွက် နီပေါနိုင်ငံက အမေရိကန်ဒေါ်လာ နှစ်သိန်းပံ့ပိုးသွားမည်

**ခတ္တမန္ဒူ ဒီဇင်ဘာ ၂**

ရေကြီးရေလျှံမှုဒဏ်ခံရသော သီရိလင်္ကာနိုင်ငံအတွက် နီပေါနိုင်ငံက အမေရိကန်ဒေါ်လာနှစ်သိန်းပံ့ပိုးသွားမည်ဖြစ်ကြောင်း နီပေါနိုင်ငံက ကြေညာခဲ့သည်ဟု ဒီဇင်ဘာ ၁ရက် သတင်းများအရ သိရသည်။

နီပေါနိုင်ငံအစိုးရသည် သီရိလင်္ကာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုများကြောင့် ဆိုးရွားစွာပျက်စီးခဲ့မှုနှင့် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အမေရိကန်ဒေါ်လာ နှစ်သိန်း ပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံး ရာသီဥတုနှင့် ဆက်စပ်သော ဘေးအန္တရာယ်များထဲမှ တစ်ခုကို ရင်ဆိုင်နေရစဉ် ရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် လက်ရှိတွင် သေဆုံးသူ ၃၅၅ ဦးထိ ရှိနေကာ ပျောက်ဆုံးသူ ၃၆၆ ဦး ထိရှိနေကြောင်း သီရိလင်္ကာနိုင်ငံ သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာန (DMC)၏အဆိုအရသိရသည်။

ယခု နီပေါနိုင်ငံမှ ပေးအပ်သွားမည့် ငွေကြေးအကူအညီသည် တောင်အာရှ ကျွန်းနိုင်ငံဖြစ်သည့် သီရိလင်္ကာနိုင်ငံ တစ်ဝန်းတွင် အသက်ဆုံးရှုံးမှုများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အပံ့တစ်ခု ဖြစ်စေရန်ဖြစ်ကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပြီး ယခုဖြစ်ပေါ်ခဲ့သည့်ရေကြီးရေလျှံမှုများအတွက် အစိုးရနှင့် သီရိလင်္ကာပြည်သူများထံ ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ရုရှားနိုင်ငံ ကမ်ချက်တာ အရှေ့ဘက်ကမ်းရိုးတန်းအနီးတွင် ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့

**မော်စကို ဒီဇင်ဘာ ၂**

ရုရှားနိုင်ငံ ကမ်ချက်တာအရှေ့ဘက်ကမ်းရိုးတန်း အနီးတွင် ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခု ယနေ့တွင် လှုပ်ခတ်ခဲ့သည်ဟု နိုင်ငံပိုင် ဘူမိသိပ္ပံသုတေသနဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ငလျင်သည် ယနေ့နံနက် အစောပိုင်းက မြေအောက်အနက် ၁၀ ကီလိုမီတာ၊ မြောက်လတ္တီတွဒ် ၅၁ ဒသမ ၇၀ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၅၈ ဒသမ ၉၈ ဒီဂရီတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါငလျင်သည် ပြင်းအားမများသော်လည်း ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံ၊ လမ်း၊ တံတားများ အနည်းငယ်ပျက်စီးခဲ့ရကြောင်း၊ ထို့ပြင် သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေး ဓာတ်တိုင်များလည်း ပျက်စီးသွားခဲ့ရကြောင်း၊ ငလျင်ကြောင့် အက်ကွဲသွားသည့် အဆောက်အအုံများ ရှိသဖြင့် အဆိုပါအဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများ ပြုလုပ်သွားရန်လိုသည်ဟု အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါငလျင် လှုပ်ခတ်မှုကြောင့် လူသေဆုံးမှုမရှိသော်လည်း ထိခိုက်ဒဏ်ရာရသူနှင့် ပျက်စီးခဲ့ရသည့် အဆောက်အအုံများ၏ စာရင်းအတိအကျကို လက်ရှိတွင် မြေပြင်ကွင်းဆင်းကောက်ယူလျက် ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကလျာ

# လရောင်ရိပ်ဝယ်

## မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

ခပ်လှမ်းလှမ်းရှိ ကောက်ပြန့်တလင်းတွေမှာတော့ ပျော်ခင်းဖွဲ့သံတွေတညံညံနှင့် ကောက်နံ့စပါးတွေ လှေ့ကြ၊ နွားကြန်စုံတစ်ရှဉ်းနှင့် တလင်းနယ်ကြ၊ ကောက်လှိုင်းဖြန့်ကြ၊ စပါးသယ်ကြနှင့် လူသံ၊ နွားသံ၊ ခွေးသံ၊ ကလေးသံတွေ စီစီဝေနေကြသည်။

"ဘေးမဲ့ပေးတယ်ဆိုတဲ့စကားကို ဆရာလေးသိထင်ပါရဲ့"

ရုတ်တရက်မေးလိုက်သော ဘိုးသံခဲရဲ့မေးခွန်းသံကြောင့် တောဝလေ့၊ တောစရိုက်၊ တောရဲ့ဂီတသံတွေထဲတွင် နစ်မျောနေသည့် ဆရာလေးခန့်မင်းလွင်သည် ဘိုးသံခဲကို ဖျတ်ခနဲလှည့်ကြည့်မိ၏။ ပြီးမှ-

"သိတာပေါ့ အဘရယ်၊ ကျွန်တော်တို့အညာဘက်မှာလဲ ဘေးမဲ့လွှတ်ပွဲတွေ ရှိတာပါပဲ"

"ဒီလိုဆိုတော့လဲ ပြောရတာ ပိုကောင်းတာပေါ့ ဆရာလေးရယ်။ ကျုပ်ကိုယ်တိုင် လယ်သမားမဟုတ်ပေမဲ့လဲ လယ်ထဲ၊ ယာထဲ၊ လယ်သမား၊ ကိုင်းသမားကြားမှာနေလာရတာဆိုတော့ လယ်သမား၊ ယာသမားတွေနဲ့ ဒိုးတူပေါင်ဖက် လက်တွဲလုပ်ကိုင်လာကြတဲ့ ကျွဲတွေ၊ နွားတွေအကြောင်း မသိတာမရှိသလောက်ပါပဲ"

ပြောလက်စစကားကိုအသာရပ်၍ လရောင်ဖိတ်လက်နေသည့်ကွင်းပြင်ကြီးဆီ လှမ်း၍ငေးနေသော ဘိုးသံခဲကိုကြည့်၍ ဆရာလေးအံ့ဩနေမိသည်။

ထူးထူးခြားခြား စကားအဆက်အစပ်မရှိပြောလာသော ဘိုးသံခဲတစ်ယောက် ဘာတွေပြောချင်တာပါလိမ့်ဟုလည်း တွေးနေမိသေး၏။

"အဲဒီ ဘေးမဲ့လွှတ်ပွဲကို ဆရာလေး ဘယ်လိုမြင်သလဲဗျ"

"ဒါကတော့ အဘရယ်၊ အသက်အရွယ်ငယ်တုန်း၊ ခွန်အားဗလတွေရှိတုန်း၊ သန်စွမ်းတုန်းကတော့ နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်း လယ်ထဲ၊ ယာထဲမှာ ခိုင်းခဲ့ပြီး အသက်အရွယ်ရလာလို့ မလုပ်နိုင်မကိုင်နိုင်၊ မရုန်းနိုင်မဆွဲနိုင်တော့တဲ့အခါကျတော့မှ အသားဈေးနဲ့တွက်ပြီး နွားသတ်သမားလက်ထိုးမအပ်ဘဲ ဘေးမဲ့လွှတ်လိုက်တာဟာ အလွန်ကောင်းတာပေါ့ဗျာမဟုတ်ဘူးလား။ ဘေးမဲ့ပေးမဲ့ နွားရဲ့ချိုနှစ်ဖက်မှာ သပြေပန်းတွေမြိုင်အောင်ချည်လို့၊ အိုးစည်ဒိုးပတ်သံတွေညံလို့၊ အမွှေးနံ့သာ ရွှေရည်၊ ငွေရည်တွေလောင်းပြီး လွှတ်လိုက်တာလေ။ ဘေးကကြည့်ရတဲ့လူတွေတောင် ပျော်လို့မြူးလို့ပေါ့"

ဆရာလေးရဲ့ စကားအဆုံးတွင်တော့ ဘိုးသံခဲသည် "ဟတ်"ခနဲ တစ်ချက်ရယ်လိုက်သေးသည်။

"အဲဒီလိုမြင်တယ်ဆိုကတည်းက ကျွဲတွေ၊ နွားတွေရဲ့အကြောင်းကို ဆရာလေး အတွင်းကျကျမသိသေးဘူးဆိုတာ ဖော်ပြနေတာပဲဗျ"

"အဲဒီလိုမမြင်လို့ ဘယ်လိုမြင်ရမှာလဲ အဘရဲ့၊ ပြောစမ်းပါအုံး။ ဘေးမဲ့အပေးခံရတဲ့ နွားတွေ၊ ကျွဲတွေဟာ အလုပ်ကို ပင်ပင်ပန်းပန်း ဘာမှလုပ်စရာမလိုတော့ဘူးလေ။ အရိုက်အနှက်လဲ မခံရတော့ဘူး။ သွားချင်တဲ့နေရာသွားလို့ရပြီ။ စားချင်တဲ့နေရာစားလို့ရပြီ။ အိပ်ချင်တဲ့နေရာ အိပ်လို့ရပြီ။ နောက်ဆုံးပြောရရင် အမြဲတမ်းအထိုးခံထားရတဲ့ နဖားကြိုးတောင် မရှိတော့ဘူးလေ။ အဲဒါတွေဟာ နွားတွေ၊ ကျွဲတွေအတွက် မကောင်းဘူးလား အဘရာ"

ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ပြီးသည့်အချိန်ထိ ဘိုးသံခဲဆီက စကားပြန်မရ၊ ငြိမ်သက်နေဆဲဖြစ်၏။ စောစောတုန်းက ဆူဆူညံညံ၊ ကလေးသံ၊ ခွေးသံတွေတောင်မကြားရတော့။ လသည် တဖြည်းဖြည်း ကောင်းကင်ယံမှာ မြင့်၍မြင့်၍တက်လာနေပြီ။ လုပ်လက်စလုပ်ငန်းတွေမပြီးပြတ်သေး၍ တလင်းနယ်နေဆဲ လယ်ကွက်တွေဆီမှ ဟစ်ကြွေးလိုက်သည့် ချင်းဖဝေးဇာတ်ထုပ်၊ ရွှဲကုန်သည်ဇာတ်ထုပ်၊ ပကဘိုးဘိုးကြီးဇာတ်ထုပ်မှ ပကဘိုးဘိုးကြီး၏ မယ်တော်မာယာကို တမ်းတငိုကြွေးသံတို့ကဲ့သို့တူအောင် သီဆိုနေကြသောအသံတို့က ကျေးလက်တောရွာကလေး၏ အေးချမ်းငြိမ်သက်သော ည၏အလှကို အသက်ဝင်အောင် ဖန်တီးနေဆဲဖြစ်၏။

လရောင်ပက်ဖျန်းထားသဖြင့် အစိမ်းရင့်ရင့်ပေါ်မှာ ငွေရောင်အနားကွပ်ထားသည့် ငှက်ပျောရွက်ဖားဖားကြီးတွေတောင် အိပ်မောကျနေသယောင်ထင်ရသည်။ တုတ်တုတ်မျှမလှုပ်။ တစ်တီတူးတစ်ကောင်၏ စူးစူးရှရှအော်မြည်သံက တစ်ချက်တစ်ချက် ထွက်ပေါ်နေလျက်ရှိ၏။

"ကျုပ်ကတော့ အဲဒီလိုမမြင်ဘူး ဆရာလေးရဲ့။ ကျုပ်ပြောတာ ဆုံးအောင်နားထောင်ပြီးရင်တော့ ဆရာလေးသဘောပေါက်လာမှာပါ။ အဲဒီ ဘေးမဲ့အပေးခံရတဲ့ ကျွဲတွေ၊ နွားတွေ သန်တုန်းမြန်တုန်း ငယ်ရွယ်တုန်းမှာ လယ်ထွန်ရာကပြန်ပြန်၊ ကောက်လှိုင်းတိုက်ရာကပဲပြန်ပြန်၊ ထွန်မွှေရာကပဲပြန်ပြန်၊ တလင်းနယ်ရာကပဲပြန်ပြန် နွားတင်းကုပ်ကို ပြန်ရောက်တာနဲ့ နွားစာခွက်ထဲမှာ နွားစာ၊ ကျွဲစာက အဆင်သင့်ဗျ။ ကောက်ရိုးနုကလေးတွေစဉ်းပြီး နှမ်းဖတ်ရည်မွှေးမွှေးကလေးဖျန်းလို့ ဒါမှမဟုတ် မြက်နုစိမ်းစိမ်းစိုစိုကလေးတွေ အဆင်သင့်စားရတယ်ဗျ။ ဟော အိပ်တဲ့အခါမှာလဲ မှတ်တွေ၊ ခြင်တွေကိုက်မှာစိုးလို့ မီးခိုးထွက်အောင် အုန်းခွံတွေ၊ နွားချေးခြောက်တွေကိုမီးထည့်ပေးလို့ ပြီးတော့ ဂုန်နီပါးစကို ချုပ်ထားတဲ့နွားခြင်ထောင်နဲ့ ကျကျနနကိုသိပ်တာဗျာ။ နံနက်မိုးလင်းတဲ့အခါမှာလဲ တစ်ညလုံးပါထားတဲ့ ချေးတွေ၊ သေးတွေကို သန့်ရှင်းပေးတဲ့သူနဲ့၊ အစာခွက်ထဲ အစာကအဆင်သင့်၊ နွားစာခွက်ထဲ ရေက အဆင်သင့်သောက်ရုံပဲ။ လယ်ထဲကအပြန်မှာ ရွှံ့တွေ၊ နွံတွေပေလာခဲ့ရင်လဲ ရေချိုးပေးသဗျာ။ မျှော့တွေတွယ်လာရင်လဲ ရှာဖွေပြီးခွာပေးကြတယ်။ ဖျားမယ်၊ နာမယ်များမကြုံနဲ့ ဆေးတိုက်မဲ့သူရင်းငှားဖြစ်ဖြစ်၊ လယ်ရှင်ကိုယ်တိုင်ဖြစ်ဖြစ် အဆင်သင့်ဗျသိရဲ့လား။ အလုပ်လုပ်တဲ့အခါမှာ ပင်ပင်ပန်းပန်းရုန်းရတယ်ဆိုပေမဲ့ နားချိန်မှာတော့ ဇိမ်ပဲလို့ မဆိုနိုင်ဘူးလား"

ဘိုးသံခဲသည် တစ်ဆက်တည်း စကားတွေအရှည်ကြီးပြောလိုက်ရသဖြင့် မောသွားပုံနှင့် ရေနွေးကြမ်းအေးစက်စက်ကို တဂွပ်ဂွပ် မော့၍သောက်နေပြန်သည်။ ဘိုးသံခဲပြောတာတွေဟာ ဟုတ်သယောင်ထင်ရသော်လည်း ဘာကိုဆိုလိုချင်တာမှန်း ဆရာလေးသဘောမပေါက်သေးပါ။

သန်းခေါင်ယံကြက်တွေကတော့ အတောင်ပံရိုက်သံတဖျန်းဖျန်းနှင့် သူ့ထက်ငါ တွန်သံပေးနေကြပြီ။ ကွင်းလေကလေးက အခုမှ တဖြူးဖြူးသုတ်လျက်ရှိ၏။ ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်နေပြီ။ စပါးနယ်တလင်းဆီမှ နွားငေါက်သံ၊ တကျွတ်ကျွတ်နှင့် စုတ်သတ်ချော့သံတွေ လေပြည်ကလေးမှာ လွင့်ပါလာသည်ကလွဲ၍ ကျေးလက်ညသည် အိပ်မောကျနေပြီ။

"အဲ...ဘေးမဲ့အပေးခံလိုက်ရတဲ့ နွားအိုကြီးခများမှာတော့ ဆရာလေးပြောသလို သွားချင်ရာသွားခွင့်ရတာ မှန်ပါရဲ့၊ စားချင်တာစားခွင့်၊ အိပ်ချင်ရာအိပ်ခွင့်ရတာမှန်ပါရဲ့။ ဒါပေမဲ့လဲ သူ့မှာ နုပျိုသန်စွမ်းတဲ့အချိန်ကာလတွေ ကုန်ခဲ့ပြီ၊ ပေးဆပ်ခဲ့ပြီးပြီ။ အဲဒီတော့ သွားချင်တဲ့နေရာ ဘယ်မှာသွားနိုင်တော့လို့တုန်း။ စားချင်ရာစားဖို့ဆိုတာကျတော့လဲ သွားတွေကယိုင်နဲ့နေပြီ။ နွားအိုမြက်နုကြိုက်ဆိုတဲ့စကား ဆရာလေးလဲ ကြားဖူးသားမဟုတ်လား။ သည်တော့ လွယ်လွယ်ရှာရနိုင်တဲ့ ရွာနီးချုပ်စပ်အခင်းတွေဥယျာဉ်ခြံတွေက ပဲညွန့်တို့၊ ပဲရွက်တို့၊ ငှက်ပျောညွန့်တို့ စတဲ့စိမ်းစိမ်းစိုစိုအပင်နုကလေးတွေ ဆွဲစားတော့တာပေါ့။ အဲဒီအခါမှာ တွေ့တဲ့လူက တုတ်နဲ့ရိုက်၊ ခဲနဲ့ခုတ်၊ လေးခွနဲ့ပစ်၊ ငြာသံပေးပြီး မောင်းထုတ်ကြပြန်ကော။ အဲဒီတော့ ဒဏ်ရာအနာတရတွေနဲ့ ထွက်ပြေးပြီး သူ့တစ်သက်လုံးနေလာစားလာခဲ့တဲ့ တင်းကုပ်နားသွားပြီး ကောက်ရိုးနဲ့ နှမ်းဖတ်ရည်အနံ့ကလေးခံပြီး စားရနိုးသောက်ရနိုးနဲ့ တမော့မော့လုပ်ရော နဂိုပိုင်ရှင်ကတွေ့ရင် ဟာ...ဒီနွားအိုကြီး ဘာလာရှုပ်တာလဲဆိုပြီး မောင်းထုတ်ရင်ထုတ်၊ ဒါမှမဟုတ်ရင် သူ့အစားရောက်နေတဲ့နွားပျိုတွေက အတင်းလိုက်ဝှေ့လို့ သေပြေးရှင်ပြေး ပြေးခဲ့ရပြန်ကော။ အိပ်တဲ့အခါကျတော့လဲကြည့်လေ အတည်တကျမရှိဘူးဗျ။ ကြုံရာနေရာသစ်ရိပ်ဝါးရိပ်မှာ ခေါင်းထိုးအိပ်ရတော့ ချေးအလူးလူး၊ သေးအလူးလူး၊ နံရိုးအကျဲသားနဲ့ ဘယ်မှာ နွားရုပ်ပေါ်တော့လို့တုံး။ ဒီတော့ ဘေးမဲ့အပေးခံရလို့ အသက်ဆက်ရှင်နေရတာက သူတို့အတွက်တော့ ဝဋ်ဆင်းရဲခံနေရတာပဲလို့ ကျုပ်ကတော့ မြင်တယ်ဗျ"

ဘိုးသံခဲလို တောသားကြီး၊ တံငါအိုကြီးတစ်ယောက်ရဲ့ပါးစပ်ကနေထွက်လာတဲ့ စကားသံတွေကိုနားထောင်ပြီး ဆရာလေးတစ်ယောက် မယုံနိုင်ဖြစ်နေရသည်။

ဟိုနေရာဝင်၊ သည်နေရာတိုး အစာဝလင်အောင်မစားရလို့ နံရိုးအပြိုင်းပြိုင်းအရိုးပေါ်အရေတင်နွားအိုကြီးတွေ၊ မစာနာသူတွေ၏ လေးခွဒဏ်ချက်ကြောင့် မျက်လုံးပေါက်ထွက်ကာ သွေးပြည်တစိုစို၊ လောက်ကောင်တွေတဖွားဖွားကျ၊ ကောင်းတဲ့မျက်လုံးတစ်ဖက်ကလည်း မျက်ချေးတွေ၊ မျက်ဝတ်တွေဗရပွနှင့် ဒုက္ခခံနေရသည့်နွားအိုကြီးတွေကို မျက်စိထဲမှာ မြင်ယောင်လာရ၏။

"ကျုပ်လဲလေ ငယ်ရွယ်သန်စွမ်းစဉ်တုန်းကဟောဒီမြစ်မတစ်ရိုးတင်မကဘူး။ အနီးအစပ်ကျုံမငေး၊ မော်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ အိမ်မဲ၊ ကျောင်းကုန်း စတဲ့နေရာတွေထိငါးမြွေထိုးပိုက်ဆွဲ၊ ကွန်ပစ်၊ ပိုက်မျှော၊ တန်းချ၊ အဝန်းပိတ်၊ အို ... တံငါလုပ်ငန်းမှန်သမျှ အကုန်လုပ်ပြီးကျုပ်မိသားစုကို ရှာကျွေးခဲ့တာပေါ့ဗျာ။ ဘယ်လောက်ပဲပင်ပန်းပင်ပန်း အိမ်ပြန်ရောက်လို့ သား၊ သမီးတွေနဲ့ ဇနီးမယားကို မြင်လိုက်ရတယ်ဆိုရင်ပဲ မောသမျှပန်းသမျှ အကုန်ပြေခဲ့တာပေါ့။ ထမင်းအဆင်သင့်၊ ဟင်းအဆင်သင့်၊ ရေနွေးကြမ်းအဆင်သင့်နဲ့ ပျော်စရာတောင်ကောင်းသေး။ ဖျားခဲ့နာခဲ့ရင်လဲ သားတွေသမီးတွေက အနားမှာဝိုင်းလို့ နှိပ်တဲ့သူက နှိပ်၊ နင်းတဲ့သူက နင်း၊ မိန်းမကလဲ ရေနွေးပူပူကလေးနဲ့ ဆေးတိုက်လို့။ အခုတော့ ဟင်း... ဟင်း ဟင်း"

စကားတွေတစ်လှေကြီး ပြောအပြီးမှာတော့ ပါးစပ်ကြီးပိတ်လျက်သားကနေ တဟင်းဟင်းနှင့် ရယ်နေပြန်သေး၏။ ထိုရယ်သံထဲမှာတော့ ဝမ်းနည်းမှုတွေ၊ နာကြည်းမှုတွေ၊ လောကကြီးကို သရော်လှောင်ပြောင်မှုတွေ၊ ကြေကွဲတမ်းတခြင်းတွေရောနှောပျော်ဝင်နေကြသည်ကို ဆရာလေးခံစားလို့ရနေပါသည်။

ဘူးစင်အောက်ထိ ကွက်တိကွက်ကြား ထိုးဆင်းဝင်ရောက်လာနေသော လရောင်ဝိုးဝါးအောက်က ဘိုးသံခဲ၏ မျက်နှာအိုအိုကြီးကိုကြည့်ပြီး ဆရာလေးရင်ထဲမှာ ဆို့နင့်ကြေကွဲနေတော့သည်။

ဝင်းပတင့်ရွှန်းနေသည့် လမင်းကြီးကို လေနှင်ရာလွင့်မျောနေကြသည့် တိမ်မျှင်ဂွမ်းစိုင်၊ တိမ်ပန်းခိုင်တွေက ပြေးဝင်ဖုံးကွယ်ကြသည့်အခါ မှောင်ရီသွားလိုက်၊ တိမ်စိုင်တွေကင်းစင်သွားသည့်အခါမှာ လင်းလက်လာလိုက်နှင့် လင်းတစ်ချီမှိန်တစ်လှည့်လရိပ်အောက်မှာ

စာမျက်နှာ ၂၅ သို့ á

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၅၆၈၈ ဧကထိ စိုက်ပျိုးပြီးစီး



**ကန့်ဘလူ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၅၆၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၅၂၆၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၅၆၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မြေပဲ ဧက ၉၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ကော ဆီထွက်သီးနှံအနေနဲ့ကော အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရောပဒေသာစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရောပဒေသာစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် အောက်တိုဘာလအတွင်းက ရောပဒေသာစပါး တင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ရောပဒေသာစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ရန်ကုန်ဈေးကွက်ကို ရောပဒေသာစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေတာပါ။ ရောပဒေသာစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူအားများနေလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ စပါးတွေကို တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၃၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါးများသည် အရည်အသွေး ကောင်းမွန်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

á စာမျက်နှာ ၂၄ မှအဆက်

အဖြူနှင့်အမည်းတွေ မညီမညာရောစွက်ထားသော ကတုံးဆံပင် ရှည်ရှည်နှင့် အံသွားနှစ်ဖက်မရှိတော့၍ ရှုံ့ဝင်ပိန်ခွက်နေသော ပါးနှစ်ဖက်နှင့် လည်ပင်းအောက်မှာလည်း ညှပ်ရိုးကြီးနှစ်ချောင်းက ငေါငေါကြီးထွက်လို့၊ ဝတ်ထားတဲ့ စွပ်ကျယ်လက်စကကလေးကိုသာ ချွတ်လိုက်ရင် နံရိုးတွေကိုတောင် တစ်ချောင်းချင်းရေတွက်လို့ ရနိုင်မယ်ထင်ပါရဲ့။

လရောင်ရိပ်ဟာ လူတွေရဲ့စိတ်ကို ပြောင်းလဲစေတတ်လေရော့သလား။ ဒါမှမဟုတ် ထွေပြားဝေဝါးထင်ယောင်မှားစေတတ်လေသလား မဆိုနိုင်၊ မှိန်တစ်လှည့်လင်းတစ်ချီ ပွေလီလှသောလရောင်အောက်တွင် ဘိုးသံခဲကိုကြည့်ရင်း ကြည့်ရင်း။ အလို ဘုရား ဘုရား ငရဲကြီးမှာလဲကြောက်ရဲ့၊ ဆရာလေးရဲ့မျက်စိထဲမှာ တဖြည်းဖြည်းဘာနဲ့တူလာသလဲ ဆိုတော့ ဟို… ဟို ဘေးမဲ့ပေးခံလိုက်ရတဲ့…။

(၇)

အဲသည် နွေတစ်ညက ဘိုးသံခဲ၏ရင်ထဲက ဝေဒနာအစိုင်အခဲတို့ကို ဆရာလေးမြင်ခဲ့လိုက်ရပြီး နွေရာသီကျောင်းပိတ်ရက်တွင် အညာမပြန်ဖြစ်ခဲ့ချေ။

တကယ်တော့ ဆရာလေးသည်လည်း တစ်ကောင်ကြွက်အထီးကျန်ပင်ဖြစ်သည်။ ငယ်စဉ်ကတည်းက ဆုံးပါးသွားရှာသည့် မိဘနှစ်ပါးကို ဆရာလေးမမှတ်မိတော့။ ဆွေစပ်မျိုးနီး ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ခိုကပ်မှီတွယ်ရင်း ပညာသင်ခဲ့ရ၊ ဘွဲ့ရ၊ အလုပ်ခွင်ထဲရောက်ခဲ့ရသူဖြစ်၏။ ဝတ်ကြောင်ကိုလွတ်အောင်ရုန်း၍ တရားရိပ်ခိုနေသည့် ဘဘုန်းကြီးကိုပင် အဖေအမှတ်၊ အမေအမှတ်၊ ကျေးဇူးရှင်အမှတ်ပြုကာ တစ်နှစ်တစ်ခေါက် အညာကို အလွမ်းပြေပြန်နေခြင်းဖြစ်၏။

အခုတော့ ဘဝချင်းခြားခဲ့ပြီဖြစ်သော ဘဘုန်းကြီးကိုလည်း မိမိအတွက် ဝန်တာမပိုစေချင်တော့၊ သံယောဇဉ်မတင်းစေချင်တော့၊ သည်ရပ်၊ သည်ရွာ၊ သည်ကျောင်းကလေးမှာပဲ တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း ရပ်ကျိုး၊ ရွာကျိုး၊ လောကကျိုးကို သယ်ပိုးရင်း အရိုးကျသည်ထိ နေထိုင်သွားရန် ဆုံးဖြတ်ချက်ချလိုက်ပါပြီ။

ဘိုးသံခဲရဲ့ ငှက်ပျောတောနှင့် တဲကလေးသည် ဟိုးအရင်တုန်းကလို ခြောက်ခြောက်သွေ့သွေ့မဟုတ်တော့ပြီ။ ဆရာလေးနှင့် ဘိုးသံခဲတို့နှစ်ယောက် ပေါင်းအတူသင်၊ ရေအတူလောင်း၊ မြေအတူဆွ၊ မြေဆွေးအတူချလို့ တက်ညီလက်ညီပျော်ရွှင်နေကြပြီ။

တံငါအိုတော့ ချောင်းကြို မြောင်းကြားဆိုစကားအတိုင်း မဖြစ်ရလေအောင် ဥပုသ်ဇရပ်ကို နှစ်ယောက်အတူသွားလို့၊ တရားအတူနာလို့ ဘိုးသံခဲ ရှစ်ပါးသီလ အလွတ်ရနေပြီ။

တဲကလေးဘူးစင်အောက်မှာ နွေရာသီအခမဲ့ကျူရှင်ကျောင်းကလေးဖွင့်လို့ ဆရာလေးက စာတွေသင်၊ ဘိုးသံခဲက ကျောင်းသားကလေးတွေကို ထန်းလျက်ခဲနှင့် ရေနွေးကြမ်းတိုက်လို့၊ တစ်ခါတစ်ခါ ကျောင်းတက်ပျင်းတဲ့ ကလေးတွေကို အိမ်တိုင်ရာရောက် ဘိုးသံခဲက လက်တွဲတန်တွဲ၊ ဆွဲခေါ်တဲ့အခါခေါ် သူတို့ဘဝနှင့်သူတို့ ပျော်နေကြပါပြီ။

ဆရာလေး ခန့်မင်းလွင်တစ်ယောက် အညာမပြန်ဖြစ်တာဟာ သုံးဦးစပ်ငါးပိရည်ချိုကြောင့်တော့ မဟုတ်တာသေချာပါသည်။

## မေတ္တာ၊ မုဒိတာ၊ ကရုဏာ

– မေတ္တာကို ရင်ဝယ်ပွား
ကြင်ဖယ်ထား စိတ်ညှို့တွေ၊
မနာလို ဝန်တိုစိတ်ကိုဖြင့်
ပိတ်သိမ်းပါလေ၊
အမုန်းတရားတို့ ကင်းပါစေ
ကမ္ဘာမြေ ငြိမ်းချမ်းရေး၊
ကိုယ်ချင်းစာ နားလည်မှုနဲ့
ပြုကျင့်ဖို့တွေး။

– မုဒိတာ ရင်ဝယ်ထွေး
လေးစားကြ များသူငါ၊
အတ္တဂုဏ် မာန်ကိုဖြုတ်လို့
နှုတ်ဆက်ကြပါ၊
ဖြူစင်စိတ်ထား မွေးမြူကာ
သာသည့်ဘက် စိတ်မယိမ်း၊
တန်းတူညီ မျှတမှုနဲ့
ကုသိုလ်ခြယ်လိမ်း။

– ကရုဏာ ရင်ဝယ်ကိန်း
ထိန်းသိမ်းကြ ကောင်းမှုဆောင်၊
စိတ်အလို အပိုမလိုက်နဲ့
မိုက်မဲမှုရှောင်၊
အသိတရားတို့ တည်မြဲအောင်
ဘဝအမှောင် ကင်းစေဖို့၊
စိတ်သန္တာန် အရောင်မဆိုးကာဖြင့်
ကြိုးစားပါစို့။

ပိုင်ဆု(ပညာရေး)

# ဒေးဒရဲမြို့နယ် ဒါးမလိမ်းချောင်းဝကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**ဒေးဒရဲ ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံဒူးဒါးမလိမ်းကျေးရွာအုပ်စု ဒါးမလိမ်းချောင်းဝကျေးရွာ၌ လျှပ်စစ်မီးလင်းရေး ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ဒါးမလိမ်းချောင်းဝကျေးရွာ၌ လျှပ်စစ်မီးလင်းရေး ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသော ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်ခိုင်မြဲရေး သက်ဆိုင်သူအားလုံး ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၄၈၀ ရှိ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ရှစ်သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာ ၂၀ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကြောင့် ဒါးမလိမ်းချောင်းဝကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် ယခင်ထက် မိသားစုစီးပွားရေးလုပ်ငန်းများ အဆင်ပြေနေကြောင်း ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်ထံမှ သိရသည်။

**သန်းသန်းစိုး**

# အမွေဆိုင်ခွင့်ရှိငြားလည်း ကာလစည်းကမ်းသတ်အတွင်းမှသာ

စိန်လှိုင်ဖိုလ်



မြန်မာ့ဓလေ့ထုံးတမ်း အမွေခန်းနှင့်ပတ်သက်၍ ဥပဒေပညာရှင်များက ပြည်သူအများ ဗဟုသုတရရှိစေရန်အလို့ငှာ အခါအားလျော်စွာ ဆောင်းပါးများ ရေးသားတင်ပြခဲ့ကြသည်။မြန်မာ့ဓလေ့ထုံးတမ်းအမွေခန်းသည် လွန်စွာကျယ်ဝန်းနက်ရှိုင်းလှသည့်အားလျော်စွာ ရေးစရာများ မကုန်မခန်းနိုင်လောက်အောင်များလွန်းလှသည်။ များသည့်ထဲမှ သိမှတ်ဖွယ်ရာများကို ကောက်နှုတ်ရေးသားတင်ပြပါဦးမည်။ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုနှင့်အတူ ဆက်စပ်ဆက်နွယ်လျက်ရှိသော ကာလစည်းကမ်းသတ်ဥပဒေ၊ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေအပါအဝင် အခြားအဖြစ်အပျက်များကိုလည်း ယှဉ်တွဲရေးသားဖော်ပြမည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် မိဘနှစ်ပါးကွယ်လွန်ပါက ကျန်ရစ်သူသားသမီးများသည် မိဘပိုင်ပစ္စည်းများအပေါ်တွင် ညီတူညီမျှခွဲဝေခံစားပိုင်ခွင့်ရှိကြောင်းကို ဆောင်းပါးများတွင် ရေးသားဖော်ပြခဲ့ဖူး၍ ဖတ်ရှုပြီးဖြစ်ကြလိမ့်မည်။ ခံစားပိုင်ခွင့်ရှိသော အမွေပုံပစ္စည်းဖြစ်ပါလျက် ကာလစည်းကမ်းသတ်ဥပဒေပါသတ်မှတ်ပြဋ္ဌာန်းချက် ကျော်လွန်သွားသဖြင့် အမွေခံစားခွင့်ဆုံးရှုံးခဲ့ရဖူးသည့် အမှုများလည်း အများအပြားရှိခဲ့ဖူးသည်။

တရားသူကြီးချုပ်အပါအဝင် တရားရုံးချုပ်တရားသူကြီးခြောက်ဦးတို့က ရုံးထိုင်စစ်ဆေးစီရင်ခဲ့သော ၁၉၉၇ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် အမိန့်ချမှတ်ခဲ့သည့် အထူးအယူခံမှု တစ်ခုအကြောင်းကို ရည်ညွှန်းကိုးကားတင်ပြပါမည်။

မန္တလေးတိုင်းတရားရုံး ၁၉၉၀ ပြည့်နှစ် တရားမကြီးမှုအမှတ် (၂၀)ဖြင့် ဦးမောင်မောင်လေးက ဒေါ်သစ်သစ်နှင့် ဒေါ်ကျင်တို့အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့ရာ မန္တလေးတိုင်းတရားရုံးက တရားလို ဦးမောင်မောင်လေးသည် မိဘများကျန်ရစ်သော အမွေပုံပစ္စည်းတွင် သုံးပုံတစ်ပုံရထိုက်ကြောင်း ပဏာမဒီကရီချမှတ်သည်။ မန္တလေးတိုင်းတရားရုံး၏ အမိန့်အပေါ် ဒေါ်သစ်သစ်က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်ရောက်သော်လည်း မအောင်မြင်ခဲ့ပေ။ ပလပ်ခြင်းခံရသည်။ သို့ဖြစ်ရာ ဒေါ်သစ်သစ်သည် နိုင်ငံတော်တရားရုံးချုပ်သို့ အထူးအယူခံဝင်ခွင့်လျှောက်ထားခဲ့ရာ ၁၉၉၄ ခုနှစ် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှုအမှတ် (၁၉၃) ဖြင့် အထူးအယူခံဝင်ခွင့်ရခဲ့သည်။

**"မီးလောင်မြေပြန်လည်နေရာချထားရေးအဖွဲ့၏ စိစစ်ထောက်ခံချက်နှင့်အညီ မန္တလေးအရှေ့မြောက်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဒေါ်သစ်သစ်အမည်ဖြင့် ချထားပေးခဲ့သည့် အချင်းဖြစ်မြေကို အမွေဆိုင်မြေအဖြစ် အမွေခွဲဝေခြင်းပြုနိုင်သလား"** ဟူသော ပြဿနာကို စိစစ်ကြားနာရန် အထူးအယူခံမှုဝင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ စုံညီခုံရုံးသည် အထူးအယူခံမှုကို ကြားနာသောအခါ "မူလရုံးတရားလိုစွဲဆိုသည့်အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းရှိ၊ မရှိ" ပြဿနာကိုပါ တစ်ပါတည်းကြားနာခဲ့သည်။

ဒေါ်သစ်သစ်က အထူးအယူခံခုံရုံးသည် အချင်းဖြစ်မြေကို အဘွားဖြစ်သူ ဒေါ်ဖောင်ထံမှ ဝယ်ယူရာ၌ မှတ်ပုံတင်စာချုပ်မပြုလုပ်ဘဲ အရပ်စာချုပ်ဖြင့် ဝယ်ယူခြင်းဖြစ်သည့်အတွက် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၄ အရ ပိုင်ဆိုင်မှုရနိုင်မည်မဟုတ်ဘဲ ဒေါ်ဖောင်ပိုင်မြေအဖြစ် ဆက်လက်တည်ရှိနေမည်ဟု ရှုမြင်သုံးသပ်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် မန္တလေးမြို့ မီးလောင်ရာ၌ အချင်းဖြစ်မြေနှင့် မြေပေါ်ရှိအဆောက်အအုံမီးလောင်ခံခဲ့ရသည်။ မီးလောင်မြေ ပြန်လည်နေရာချထားရေးအဖွဲ့၏ စိစစ်ထောက်ခံချက်အရ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က အချင်းဖြစ်မြေကို လက်ရှိဖြစ်သော ဒေါ်သစ်သစ်သို့ ပြန်လည်နေရာချထားပေးခဲ့သည်။ အချင်းဖြစ်မြေသည် ၎င်းအမှန်တကယ်ရပိုင်ခွင့်ရှိသည့် ဘိုးဘွားပိုင်မြေဖြစ်ကြောင်း ဒေါ်သစ်သစ်က တာဝန်ယူလက်မှတ်ရေးထိုးခဲ့သည်။

ဤနေရာတွင် ကြားဖြတ်၍ တင်ပြလိုသည်မှာ ၁၉၆၃ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေပုဒ်မ ၉(၁၀)တွင် မီးလောင်ခြင်းခံရသောပစ္စည်းနှင့် ပစ္စည်းတည်ရာမြေကို ပိုင်ရှင်အားပြန်ပေးရန် အမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ရာတွင် ၁၉၆၃ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေပုဒ်မ ၉ (၂)တွင် **မီးစတင်လောင်ကျွမ်းခြင်းဖြစ်ပွားခဲ့သော ပစ္စည်းတည်ရာမြေ** နှင့်ထိုမြေရှိပစ္စည်းအားလုံးကို အစိုးရက ပိုင်ဆိုင်ရမည်ဟုကြေညာရမည်။ ထိုသို့ကြေညာသည့်အချိန်မှစ၍ ထိုမြေ၊ ထိုပစ္စည်းများသည် မူလပိုင်ရှင်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အားလုံး ရပ်စဲရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ယခုအမှုတွင် အချင်းဖြစ်အိမ်သည် မီးစတင်လောင်ကျွမ်းရာနေရာမဟုတ်ခဲ့ပါ။ သို့ဖြစ်၍ မူလပိုင်ရှင်သို့မြေကို ပြန်ပေးခဲ့သည်။

**စွဲဆိုသောအမှုအနိုင်ရခြင်း**

အထူးအယူခံခုံရုံးက "ဒေါ်သစ်သစ်သည် မီးမလောင်မီက ` အချင်းဖြစ်မြေတွင် အမွေဆိုင်တစ်ဦးအဖြစ် နေထိုင်သည်ဖြစ်ရာ မီးလောင်ပြီးနောက် မီးလောင်မြေနေရာချထားရေးအဖွဲ့က ပြန်လည်နေရာချထားပေးခြင်းကြောင့် ပိုင်ရှင်အဖြစ်ပြောင်းလဲသွားခြင်းမရှိကြောင်း" သုံးသပ်၍ ကြားနာလျက်ရှိသော ပြဿနာကို "မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဒေါ်သစ်သစ်၏ အမည်ဖြင့် ချထားပေးခဲ့သည့် အချင်းဖြစ်မြေကို အမွေဆိုင်မြေအဖြစ် အမွေခွဲဝေခြင်းပြုနိုင်သည်"ဟု ဖြေဆိုခဲ့သည်။ သို့ဖြစ်ရာ အထက်ပါအမှုတွင် ဒေါ်သစ်သစ်ရှုံး၍ ဦးမောင်မောင်လေးအနိုင်ရခဲ့သည်။ အမှုနိုင်ပါလျက် မပြုံးမပျော်နိုင်သော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်က နောက်ဆက်တွဲ ကပ်လျက်ပါလာခဲ့သည်။ ကာလစည်းကမ်းသတ်ဥပဒေဖြစ်သည်။

**ပေးကားပေး၏ မရခြင်း**

ဦးမောင်မောင်လေးက ဒေါ်သစ်သစ်နှင့် ဒေါ်ကျင်တို့အပေါ် စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းရှိ၊ မရှိ ပြဿနာအပေါ် အထူးအယူခံခုံရုံးက ဆက်လက်ကြားနာသုံးသပ်ခဲ့ရာ **"အမွေဆိုင်တစ်ဦးသည် မခွဲဝေရသေးသည့် အမွေပုံပစ္စည်းပေါ်တွင် လက်ရှိနေထိုင်ခြင်းမှာ အခြားအမွေဆိုင်များ၏ ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်၍နေထိုင်သည်ဟု မဆိုနိုင်သည်မှာ မှန်သော်လည်း အမွေဆိုင်ပစ္စည်းကို ၎င်း၏ အကျိုးအတွက် ပြုပြင်ပြောင်းလဲမှုပြုလုပ်၍ လက်ရှိထားလျှင်မူ အခြားအမွေဆိုင်များကို ဆန့်ကျင်ရာရောက်ကြောင်း"** သုံးသပ်ခဲ့သည်။ ဒေါ်သစ်သစ်သည် အမွေဆိုင်မြေတွင် ၎င်းတစ်ဦးတည်းပိုင်သည့် နှစ်ထပ်တိုက်အိမ်ဆောက်လုပ်ခဲ့ခြင်းသည်ပင် အမွေဆိုင်မြေကို အခြားအမွေဆိုင်များကို ဆန့်ကျင်လျက်ရှိထားခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်သည်ဟု သုံးသပ်၍ ဦးမောင်မောင်လေးစွဲဆိုသည့် အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်နေပြီဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အထူးအယူခံခုံရုံးက မီးလောင်မြေ ပြန်လည်နေရာချထားသောမြေသည် အမွေဆိုင်မြေဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သော် ကာလစည်းကမ်းသတ်ဥပဒေအရဆန့်ကျင်လက်ရှိနေသူကို စွဲဆိုရမည့်ကာလကျော်လွန်သွားပြီဖြစ်၍ ဦးမောင်မောင်လေး အမှုရှုံးသွားသည်။ သို့ဖြစ်ရာ အမွေဆိုင်များသည် အမွေမှုစွဲလိုလျှင် ကာလစည်းကမ်းသတ်ဥပဒေကို အလေးဂရုပြုသင့်ကြောင်း၊ မူလစွဲဆိုသောအမှု အနိုင်ရရှိပါသော်လည်း ကာလစည်းကမ်းသတ်ဥပဒေအရ တရားလိုအတွက် အကျိုးရလဒ်မခံစားခဲ့ရကြောင်း ဥပဒေပညာပေးရေးသားတင်ပြလိုက်ရပါသည်။

> ❖ဦးမောင်မောင်လေးက ဒေါ်သစ်သစ်နှင့် ဒေါ်ကျင်တို့အပေါ် စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းရှိ၊ မရှိ ပြဿနာအပေါ် အထူးအယူခံခုံရုံးက ဆက်လက်ကြားနာသုံးသပ်ခဲ့ရာ "အမွေဆိုင်တစ်ဦးသည် မခွဲဝေရသေးသည့် အမွေပုံပစ္စည်းပေါ်တွင် လက်ရှိနေထိုင်ခြင်းမှာ အခြားအမွေဆိုင်များ၏ ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်၍နေထိုင်သည်ဟု မဆိုနိုင်သည်မှာ မှန်သော်လည်း အမွေဆိုင်ပစ္စည်းကို ၎င်း၏အကျိုးအတွက် ပြုပြင်ပြောင်းလဲမှုပြုလုပ်၍ လက်ရှိထားလျှင်မူ အခြားအမွေဆိုင်များကို ဆန့်ကျင်ရာရောက်ကြောင်း" သုံးသပ်ခဲ့သည်။❖

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၉၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ချောင်းဦး ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၉၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ကုလားပဲ ဧက ၂၈၆၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ကုလားပဲ ဧက ၂၈၀၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၉၀၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ စိုက်ပျိုးနေပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စိုက်ပျိုးလာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို ဆောင်ရွက်ပေးနေပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈)နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများနှင့် သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲတတ်စေရေးစသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ကုလားပဲကို အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍သိရသည်။ (၂၀၆)

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၉၇၈၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၉၇၈၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် မတ်ပဲ ၂၀၇၅၅ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၇၈၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ မတ်ပဲကေ ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မတ်ပဲ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# အုတ်တွင်းမြို့နယ် အုန်းပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်တွင်း ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝဲဒေါင့်ကျေးရွာအုပ်စု အုန်းပင်စုကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၄၅ သိန်း ၇၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အုန်းပင်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၉ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၇၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

# မလှိုင်မြို့နယ် ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရေချိုဘူတာကျေးရွာအုပ်စု ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရေချိုဘူတာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၃ ဒသမ ၅၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေချိုဘူတာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃ ဒသမ ၅၈ သန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ဟသ်ာတမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များအပါအဝင် အခြားငါးခြောက်များကို စနစ်တကျထုတ်လုပ်ပြီး ဝယ်ယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက်များကို ယခုနှစ် နိုဝင်ဘာလ တတိယအပတ်မှ စတင်ပြီး ယနေ့ထိ ရန်ကုန်ဈေးကွက်မှ မှာယူအားကောင်းနေပြီး တစ်ရက်လျှင် ပိဿာချိန် ၈၀၀ မှ ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ပြီးခဲ့တဲ့လ တတိယအပတ်လောက်ကတည်းက စတင် အရောင်းအဝယ် ကောင်းမွန်ခဲ့တာပါ။ အခု ငါးကွမ်းရှပ်ခြောက် ဈေးကလဲ အနည်းငယ်ကောင်းလာပါတယ်။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေအပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေပါတယ် '' ဟု ဟသ်ာတမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြသည်။



ဟသ်ာတမြို့နယ်တွင် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် အခြားငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၃၀၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လှိုင်းဘွဲမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ ဒီဇင်ဘာ ၂**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကုန်းကလေး ရွာသစ်ကျေးရွာနှင့် ခိုရောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက ကုန်းကလေးရွာသစ်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များက ကုန်းကလေးရွာသစ်ကျေးရွာနှင့် ခိုရောကျေးရွာနှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီဧက ၈၂၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၆၀၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၅၄၀ စုစုပေါင်း ၁၁၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကြက်သွန်နီ ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၁၄၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကြက်သွန်နီဈေးကွက်တွေ ဈေးကောင်းဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၁၀၅ ဧက၊ ကနီမြို့နယ်တွင် ၃၅၂၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၄၇၀၊ ပုလဲမြို့နယ်တွင် ဧက ၂၁၀၀ စုစုပေါင်းဧက ၉၂၀၀ ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကကတစ်ငါး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ကကတစ်ငါးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် အောက်တိုဘာလအတွင်း ကကတစ်ငါး ပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ကကတစ်ငါးပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''လပွတ္တာမြို့နယ်ကနေ ပြီးခဲ့တဲ့နိုဝင်ဘာလအတွင်း ကကတစ်ငါးပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့အားတက်ခဲ့တာပါ။ တင်ပို့အားတက်တော့ ရေလုပ်ငန်းလုပ်ကိုင်တဲ့သူတွေ အလုပ်အကိုင်အဆင်ပြေနေပါတယ်''ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကကတစ်ငါးတစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၄၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသတွင် ကကတစ်ငါးအပါအဝင် အခြားရေထွက်ကုန်များ အများအပြား တင်ပို့ရောင်းချနေရခြင်းကြောင့် ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဇီးကုန်းမြို့နယ် ကန္တလီကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဇီးကုန်း ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကန္တလီကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကန္တလီကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ကန္တလီကျေးရွာ၌ အရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၄၉ သန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၄၉ သန်းဖြင့် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မင်းဘူးမြို့နယ် မန်းကောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး



**မင်းဘူး ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်းကောက်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ကျေးရွာတာဝန်ရှိသူများနှင့်အတူ မန်းကောက်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မန်းကောက်ကျေးရွာ၌ လမ်းအရှည် ၁၃၆၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၈၂ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူ၍ ယခုနှစ် နိုဝင်ဘာ ၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းဆောင်ရွက်မှုမှာ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က ပြောပြ၍ သိရသည်။

**ဇင်မာ**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ဦးနှောက်စွမ်းရည်ဖွံ့ဖြိုးမှုနှင့် နည်းပညာတိုးတက်မှု

ထက်ဝေအောင်(စစ်ကိုင်း)

နည်းပညာဖွံ့ဖြိုးမှုသည် လူသားများကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်စွမ်းရှိသည်ဟူသော ဘုံသဘောတူညီမှုအရ မျက်မှောက်လူ့ကမ္ဘာတွင် နည်းပညာဖြင့် ဖန်တီးတည်ဆောက်မှု ရုပ်ပုံလွှာများ မျက်ဝါးထင်ထင် မြင်တွေ့နေကြရပြီဖြစ်သည်။ နည်းပညာအသုံးပြု ဖန်တီးမှုများကြောင့် လူသားများ၏ အချိန်နှင့်ငွေကုန်ကြေးကျ သက်သာမှုကို ဖြစ်စေနိုင်ပြီး လူ့စွမ်းအားအရင်းအမြစ်အစား နည်းပညာအသုံးပြုစက်ကိရိယာများ ဖန်တီးတည်ဆောက်လျက် ပိုမိုကောင်းမွန်သည့် အနာဂတ်လူ့ဘောင်ကိုဖော်ဆောင်နိုင်မှုကို ပြသလျက်ရှိသည်။ ယနေ့ရေပန်းစားနေသည့် အေအိုင်နည်းပညာသည် လူသားတစ်ဦး၏ ဦးနှောက်ကဲ့သို့ ဖန်တီးတည်ဆောက်ထားပြီး လူမှုဘဝနယ်ပယ်အသီးသီးတွင် ဉာဏ်ရည်တုနည်းပညာများ တွင်ကျယ်စွာသုံးစွဲလာကြသည်။

လူတိုင်းသည် အချိန်တိုင်းမရပ်နားသော အတွေးအာရုံများဖြင့် လည်ပတ်နေလေ့ရှိသည်။ လူနှင့် အကောင်းအဆိုးရောထွေးနေသော တွေးခေါ်နိုင်စွမ်းအားတို့မှာ ဆက်စပ်နေလေ့ရှိသည်။ ဦးနှောက်ကို အလုပ်ပေးသည့်သဘောဖြင့် ကောင်းသောအတွေးကို တွေးပေးရလေ့ရှိသည်။ ကောင်းသောအတွေးဖြင့် မကောင်းမှုရှောင်၊ ကောင်းမှုကို အသက်ထက်ဆုံးဆောင်ကြရသည်။ သို့ဖြစ်၍ လူသည် တွေးခေါ်စဉ်းစားမှုဉာဏ်ပညာကိုရှေ့တန်းတင်သည့်အားလျော်စွာ ဦးနှောက်နှင့်အလားတူသော နည်းပညာများ ဖန်တီးရေးဆွဲလာခဲ့ကြသည်။ အေအိုင်နည်းပညာသည်လည်း ဆက်စပ်တွေးခေါ်မှု၊ သင်ယူမှုဆိုင်ရာ စွမ်းရည်များဖြင့် ဖွဲ့စည်းထားသော ကွန်ပျူတာဦးနှောက်တစ်စုံပမာ အသုံးဝင်လှသည်။ ထို့ကြောင့်ပင် အေအိုင်နည်းပညာသည် သင်ယူမှုဖြစ်စဉ်နှင့် လေ့ကျင့်မှုဖြစ်စဉ်များကို ပိုမိုကောင်းမွန်အောင် တည့်မတ်ပေးနိုင်မည်ဆိုပါက သာလွန်သော လူ့အကျိုးပြုဦးနှောက်တစ်စုံပင် ဖြစ်နိုင်သည်ဟု လက်ခံယုံကြည်ရမည်ဖြစ်သည်။

အေအိုင်(AI)၏ ရှည်စာလုံးမှာ ARTIFICIAL INTELLIGENCE ဖြစ်ပြီး အလိုအလျောက် သင်ယူလေ့လာနိုင်သည့် ကွန်ပျူတာပရိုဂရမ်တစ်ခုပင်ဖြစ်သည်။ လူတွင် ဦးနှောက်တစ်စုံရှိသကဲ့သို့ ကွန်ပျူတာတွင်လည်း အေအိုင်ဟူသော ဦးနှောက်တစ်စုံကဲ့သို့ အသုံးပြုနိုင်သော နည်းပညာရှိပေသည်။ အဆိုပါ အေအိုင်နည်းပညာကို ချဲ့ထွင်သုံးစွဲလာရာမှ စက်ရုပ်များတွင် တပ်ဆင်သုံးစွဲလာသည်ထိ ကျယ်ပြန့်လာခဲ့သည်။ အချို့သောစက်ရုပ်များသည် လူသားတစ်ဦးကဲ့သို့ လှုပ်ရှားနိုင်ခြင်း၊ စကားပြောဆိုနိုင်ခြင်း၊ မှတ်သားသင်ယူခြင်းများ ပြုလုပ်နိုင်သည်။ ဂျပန်နိုင်ငံရှိ ဟိုတယ်တစ်ခုတွင် စက်ရုပ်များဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး ဧည့်ကြိုပေးခြင်း၊ ပစ္စည်းသယ်ပို့ပေးခြင်းလုပ်ငန်းများ၊ အစားအသောက် တည်ခင်းဧည့်ခံသည့်လုပ်ငန်းများကို ကောင်းမွန်စွာလုပ်ဆောင်နိုင်ကြသည်။ ဟိုတယ်တစ်ခုလုံးတွင် စက်ရုပ်များကိုသာတွေ့မြင်ရမည်ဖြစ်ပြီး လူသည် စက်ရုပ်များ၏အခြေအနေကို စောင့်ကြည့်ထိန်းချုပ်သည်။

အေအိုင်နည်းပညာကို ကောင်းသည့်ဘက်တွင် အသုံးချမည်ဆိုပါက အသုံးတည့်နိုင်သည်။ စီးပွားရေးနယ်ပယ်အသီးသီးတွင် အေအိုင်နည်းပညာဖြင့် စီးပွားရေးခြေလှမ်းများ ပိုမိုချဲ့ထွင်ရန်ကြိုးပမ်းလာကြသည်။ စက်ရုံ၊ အလုပ်ရုံများတွင် လူသားအစားထိုးကွန်ပျူတာပရိုဂရမ်ဖြင့် ထိန်းချုပ်လည်ပတ်နိုင်သည့် စက်ကိရိယာများ၊ စက်ရုပ်များကို အသုံးပြုလာကြသည်။ သတင်း၊ မီဒီယာလုပ်ငန်းများတွင် အေအိုင်၏အသုံးဝင်မှုကို လက်တွေ့ကျကျ အကောင်အထည်ဖော်ရန် ဆွေးနွေးပွဲများပြုလုပ်၍ ဆောင်ရွက်လာသည်ကို တွေ့ရှိရသည်။

❖ အေအိုင်နည်းပညာကို ကောင်းသည့်ဘက်တွင် အသုံးချမည် ဆိုပါက အသုံးတည့်နိုင်သည်။ စီးပွားရေးနယ်ပယ်အသီးသီးတွင် အေအိုင်နည်းပညာဖြင့် စီးပွားရေးခြေလှမ်းများ ပိုမိုချဲ့ထွင်ရန် ကြိုးပမ်းလာကြသည်။ စက်ရုံ၊ အလုပ်ရုံများတွင် လူသားအစားထိုး ကွန်ပျူတာပရိုဂရမ်ဖြင့် ထိန်းချုပ်လည်ပတ်နိုင်သည့် စက်ကိရိယာ များ၊ စက်ရုပ်များကို အသုံးပြုလာကြသည်။ သတင်း၊ မီဒီယာ လုပ်ငန်းများတွင် အေအိုင်၏အသုံးဝင်မှုကို လက်တွေ့ကျကျ အကောင်အထည်ဖော်ရန် ဆွေးနွေးပွဲများပြုလုပ်၍ ဆောင်ရွက်လာ သည်ကို တွေ့ရှိရသည်။ ❖

အကျိုးပြုနိုင်မှုနှင့်အတူ တစ်ဖက်တွင်လည်း ကမ္ဘာလုံးဆိုင်ရာ အလုပ်လက်မဲ့နှုန်းများ တိုးပွားလာနိုင်မှုကို သုတေသနပညာရှင်များက သုံးသပ်တွက်ချက်လျက်ရှိသည်။ အနာဂတ်တွင် လူသားတို့ လုပ်ဆောင်နိုင်သည့် လုပ်ငန်းနယ်ပယ်အသီးသီးတွင် အချိန်ပြည့် အလုပ်လုပ်နိုင်သည့် အေအိုင်နည်းပညာ ပိုမိုကျယ်ပြန့်လာမည်ဆိုပါက ကမ္ဘာတစ်ဝန်းလုံး အလုပ်လက်မဲ့နှုန်းမြင့်မားလာနိုင်ဖွယ်ရှိသည်။ အချိန်ပြည့် အေအိုင်အသုံးချမှု၏ နောက်ဆက်တွဲဆိုးကျိုးကိုလည်း ချိန်ဆအသုံးပြုရန်လည်း လိုပေသည်။ လူသည် အသိဉာဏ်ပညာရှိသည်။ အကောင်းအဆိုးကို ချိန်ဆနိုင်စွမ်းရှိသည်။ အမှန်အမှားကို သိလွယ်ပြီး ပိုကောင်းသောအခြေအနေတစ်ရပ်ကို ပြောင်းလဲနိုင်စွမ်းရှိသည်။ ပန်းချီဆရာတစ်ယောက်သည် စုတ်ချက်ပေါင်းများစွာဖြင့် ပန်းချီကားတစ်ချပ်ဖြစ်မြောက်အောင် စိတ်ကူးစိတ်သန်းအမျိုးမျိုး လူတို့ ကြည့်ရှုမှုမရိုးနိုင်အောင် ဖန်တီးရေးဆွဲနိုင်စွမ်းရှိသည်။ တစ်နေ့တစ်မျိုးမရိုးအောင် ဖန်တီးနိုင်သည့် လူတစ်ဦးချင်းစီ၏စွမ်းအားကို လေးစားဂုဏ်ပြုရမည်ဖြစ်သည်။ အလွန်အရသာရှိသော အစားအသောက်ကို အရသာရှိသော်လည်း နေ့စဉ်ရက်ဆက် မည်သူမျှ မစားနိုင်ပေ။ ပန်းအလှပြင်သူတစ်ယောက်အနေဖြင့်လည်း ပန်းပွင့်အကြီး၊ အသေးအလိုက်၊ အရောင် အနုအရင့်အလိုက် ရွေးချယ်၍ အလှအပခံစားသူအကြိုက် မရိုးနိုင်အောင်ဖန်တီးကြရသည်။ လုပ်ငန်းနယ်ပယ်အလိုက် လူသားတို့၏ တီထွင်ဆန်းသစ်မှုသည် ရပ်တန့်မနေဘဲ အသစ်ဖန်တီးမှုများကို တိုးချဲ့လုပ်ဆောင်ကြသည်ကို တွေ့ရှိရသည်။

အေအိုင်နည်းပညာ၏အစွမ်းသည် အံ့မခန်းဟုဆိုနိုင်ဖွယ်ရှိပေသည်။ သုံးစွဲသူများအနေဖြင့် အေအိုင်၏ စွမ်းဆောင်ရည်မြင့်မားမှုနှင့်အတူ လူသားများအတွက်ရေရှည်အသုံးတည့်၊ မတည့် ဆန်းစစ်ရမည့် အခြေအနေ၊ ယုံကြည်စိတ်ချရမှုရှိ၊ မရှိ အကဲခတ်ကြည့်ရဦးမည်ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းရှိနည်းပညာရှင်များ၏ဆွေးနွေးမှုစကားဝိုင်းများတွင် အေအိုင်နှင့်ဆက်စပ်ပတ်သက်၍ အသုံးပြုနိုင်မှုအခြေအနေနှင့်ကြုံတွေ့လာရမည့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းမည့် အစီအမံများကို ထည့်သွင်းဆွေးနွေးလာကြသည်ကိုတွေ့ရှိရပြီး လူသားမျိုးနွယ်ထုအတွက်ကြီးမားသော ခြိမ်းခြောက်မှုပုံစံတစ်ရပ် မဖြစ်ပေါ်စေရေး ထိန်းချုပ်နိုင်မည့် ကာကွယ်ရေးနည်းလမ်းများကိုအသုံးချ၍ စနစ်တကျကိုင်တွယ်ဖြေရှင်းရမည်သာဖြစ်သည်။

ယနေ့ နည်းပညာအသုံးချသူများသည် အေအိုင်ကိုအခြေခံထားသည့် ကွန်ပျူတာ၊ မိုဘိုင်းဖုန်းအသုံးပြုမှုပိုမိုလာသည်ကို လေ့လာသိရှိရသည်။ ဓာတ်ပုံများကို အေအိုင်နည်းပညာဖြင့် ဖန်တီးကြသည်။ သတင်းအရင်းအမြစ်များကို အေအိုင်မှမေးမြန်းကြသည်။ အေအိုင်နှင့် ကဗျာရေးစပ်ကြသည်။ အေအိုင်ပေါ်မှ ကမ္ဘာကြီးအကြောင်းကို လေ့လာကြသည်။ CHATGPT သည် သုံးစွဲသူများကြား ဆွဲဆောင်ဖမ်းစားနိုင်သည့် အေအိုင်နည်းပညာတစ်ရပ်ဖြစ်ပေသည်။ ဉာဏ်ရည်တုတစ်ခုပမာတည်ရှိပြီး မေးခွန်းပေါင်းများစွာကို စာလုံးများဖြင့် ပုံဖော်ပေးနိုင်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် CHAT GPT အသုံးပြုသူပေါင်းများစွာဖြင့် ရေပန်းစားလျက်ရှိသည်။

အေအိုင်အသုံးပြုစက်ရုပ်များသည် လူများကို ကူညီလုပ်ဆောင်ပေးရန် ရည်ရွယ်ချက်ကောင်းဖြင့် ထုတ်လုပ်လာကြသည်။ အိမ်သုံးအနေဖြင့် တံမြက်စည်းလှဲခြင်း၊ ဖုန်သုတ်ခြင်း၊ ပစ္စည်းများ သယ်ပို့ပေးခြင်း၊ ကလေးနှင့်သက်ကြီးရွယ်အိုများကို စောင့်ရှောက်ပေးသည့် သူနာပြုစက်ရုပ်များ၊ မောင်းသူမဲ့ကားများ၊ ဒရုန်းများတွင် အေအိုင်နည်းပညာကို အသုံးပြုသကဲ့သို့ ကားထုတ်လုပ်သည့် စက်ရုံများတွင် ကားတစ်စီးရုပ်လုံးပေါ်သည်ထိ စက်ရုပ်များက စွမ်းဆောင်ပေးနိုင်ကြသည်။ အလားတူ လယ်ယာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ဆေးဖျန်းဒရုန်းများ၊ သီးနှံနှင့် မြေယာအခြေအနေများကို လေ့လာနိုင်သည့် ဒရုန်းများ၊ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်း၊ အေအိုင်သုံးသုတေသနလုပ်ငန်းများ၊ အသီးခူးစက်ရုပ်၊ အစာကျွေးစက်ရုပ်များထိ ကျယ်ပြန့်စွာအသုံးပြုလာကြသည်။ ကယ်ဆယ်ရေးလုပ်ငန်းများ၊ စစ်ဆင်ရေးနယ်မြေများတွင် လူအစား စက်ရုပ်များ စေလွှတ်ခြင်းများ ပြုလုပ်နိုင်ပေသည်။

ထိုသို့ နည်းပညာပြိုင်ဆိုင်မှုအကြား တစ်ဦးထက်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုထက်တစ်ခု နည်းပညာစွမ်းအားများ သာလွန်ထက်မြက်ရေး အားပြိုင်လာကြသည်။ သတိပြုရမည်ဖြစ်သည်။ နည်းပညာတီထွင်သူ၏ထိန်းချုပ်မှုအောက်ရှိ နည်းပညာစွမ်းအားများသည် လူ့ဉာဏ်ရည်ထက် သာလွန်တိုးတက်အောင် ဖန်တီးခြင်းသည် အန္တရာယ်ဖြစ်ပေါ်လာနိုင်သောကြောင့် မိမိတီထွင်ထုတ်လုပ်သည့် နည်းပညာပစ္စည်းများကို အာမခံနိုင်စွမ်းရှိရမည်ဖြစ်သည်။ ထိန်းချုပ်နိုင်စွမ်းရှိရမည်ဖြစ်သည်။ အဆင့်မြင့်နည်းပညာဖြင့် ဖန်တီးထုတ်လုပ်သည့် နည်းပညာများတွင် မြှုပ်ကွက်အချို့၊ အားနည်းချက်အချို့ ထည့်သွင်းရေးဆွဲခြင်း၊ အရေးပေါ်ကာကွယ်တားဆီးနိုင်သည့်နည်းလမ်းများအသုံးပြု၍ ကိုင်တွယ်သွားနိုင်ရမည်ဖြစ်သည်။

အချုပ်အားဖြင့် နည်းပညာတိုးတက်မှုကို ဂုဏ်ယူရမည်ဖြစ်သည်။ နည်းပညာတစ်ရပ်ကို အမှီပြုလုပ်ဆောင်သည့် တုပမှုနှင့်အဖျက်အမှောင့် အန္တရာယ်များကိုလည်း ပူးတွဲသတိထားရမည်ဖြစ်သည်။ ပုံတူကူးချမှုသည် ပြည့်စုံသောလုပ်ဆောင်မှု မဖြစ်နိုင်သဖြင့် အရည်အသွေးပိုင်းအရ စွမ်းရည်များ နိမ့်ကျစေနိုင်သည်။ တစ်ဖက်တွင်လည်း နည်းပညာအသုံးပြုပစ္စည်းများတွင် ဟက်ကာများ ဝင်ရောက်နှောင့်ယှက်နိုင်သဖြင့် ပျက်စီးဆုံးရှုံးမှုများဖြစ်စေနိုင်သည်။ သို့ဖြစ်၍ အတုနှင့်အစစ်ခွဲခြားနိုင်မှုကို နည်းပညာပိုင်းအရဖြစ်စေ၊ လုံခြုံရေးအရဖြစ်စေ၊ ဥပဒေ၊ နည်းဥပဒေများအရဖြစ်စေ ထိန်းချုပ်ကာကွယ်သွားရမည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများ မဆုံးရှုံးစေရေး အလေးထားကိုင်တွယ်လျက် ရေတို၊ ရေရှည်နည်းလမ်းများကို ခန့်မှန်းတွက်ချက်ခြင်း၊ ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများကို အမြန်ဆုံးကုစားခြင်းနှင့် အမြင့်ဆုံးရပိုင်ခွင့်နှင့် အနည်းဆုံးဆုံးရှုံးမှုကို မျှခြေပြုတွက်ဆလျက် လူ့စွမ်းရည်မြှင့်တင်သတိပြုဆောင်ရွက်သင့်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၆၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၆၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက် ၁၉၅၄၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၁၀၅၆ ဧက၊ ကနီမြို့နယ်တွင် ၂၂၁၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၃၈၉၀ နှင့် ပုလဲမြို့နယ်တွင် ၂၄၉၅ ဧက စုစုပေါင်း ၉၆၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာ ၉၆၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ် " ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်ရွှေမြို့နယ် ကျွန်းကြီး(တောင်)ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဒီဇင်ဘာ ၂**


ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကြီးကျေးရွာအုပ်စု ကျွန်းကြီး (တောင်)ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ကျွန်းကြီး(တောင်) ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ဆောင်ရွက်ထားသော စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ကျေးရွာ RBF စီမံကိန်းလုပ်ငန်းအဖွဲ့၊ စက်ချုပ်လုပ်ငန်း ဆောင်ရွက်နေသည့်စိမ်းလန်းမြေ အသက်မွေးဝမ်းကျောင်းအဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ကျွန်းကြီး(တောင်) ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဖြင့် စက်ချုပ်လုပ်ငန်း ဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့(၁) ဖွဲ့မှ အဖွဲ့ဝင် ၁၁ ဦးကို RBF ရန်ပုံငွေကျပ် ၁၀ သန်း ထုတ်ချေးပေးထားကြောင်း ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**












## လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး၊ ရွှေကျောင်းတော်ကြီးအပေါ်ရှိ ထုပိကာတော်တွင် ရွှေစင်ရွှေပြားများ အသစ်ကပ်လှူမည်ဖြစ်ပါ၍ ရွှေချိန် (၁ ကျပ် ၈ ပဲ)သားရှိ (၉)လက်မပတ်လည် ရွှေစင်ရွှေပြား (၁)ချပ်လျှင် ကျပ်သိန်း (၉၀)နှုန်းဖြင့် အလှူရှင်ကမ္ဘည်းရေးထိုး၍ လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း ၀၉-၇၉၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃

မဟာမုနိဂေါပကအဖွဲ့

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ စ/၆၂ ဈေးသစ်ရပ်ကွက်နေ ညွှန့်ညွှန့်ဝေ (ဘ) ဦးရန်စန်လင်(၉/မကန(နိုင်)၀၀၀၂၆၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-266635)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-402550910





## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ် (၄၃၂)၊ ဦးပိုင်အမှတ်(၃-စ)(၁၉၈၄-၈၅) ဦးကိုရင် + ဒေါ်ခင်ကြည် အမည်ပေါက် ဘိုးဘပိုင်မြေ၏ အနောက်ထိပ် အရှေ့အနောက် (၁၂ ပေ ၂ လက်မ)၊ တောင်မြောက် (ပေ ၂၀ ၆ လက်မ) အကျယ်ရှိ မြေနှင့် မြေပေါ်ရှိ နေအိမ်အဆောက်အဦးအပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဟု အဆိုရှိသူ ဒေါ်ခေမာစာရီ (ခ) ဒေါ်မြွေး (ဘ) ဦးတုတ်ကြီး၊ ၉/မကစ(သီ)၀၀၄၆၂ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ကြေညာသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးသောင်းအေး(B.A, H.G.P, R.L,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၀၆)
စစ-၁/၄၆၊ ၅၉ လမ်း x ၁၀၅ လမ်းထောင့်
ကန်သာယာမြို့သစ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၃၁၀၃၃၆၈

**အဖိုးတန်**

**ရေချိုကို**

**ချွေတာပါ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁၀)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်သည် ဦးသောင်းဝင်း၊ ဒေါ်အေးစိန်တို့ ပူးတွဲအမည်ပေါက်လျက်ရှိသော ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူများမှ ရောင်းချခဲ့ရာ ဦးအောင်ကျော်(၁၃/ကမန(နိုင်)၁၅၆၇၄၆)က ဝယ်ယူရန် သဘောတူညီခဲ့ပြီး အရောင်းအဝယ်အရပ်ကတိစာချုပ်ကို (၇-၁၂-၂၀၁၇)ရက်နေ့တွင် ရောင်းကြေးငွေအပြည့်အဝပေးချေပြီး အပြီးအပိုင် လက်ရောက်တရားဝင်လွှဲပြောင်းဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အထက်ပါမြေနှင့်ပတ်သက်၍ ဦးအောင်ကျော်မှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခြင်း အထွေထွေအထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားခြင်းမရှိပါ။ ထိုကဲ့သို့ကိစ္စရပ်များ ပြုလုပ်ထားခြင်းမရှိဘဲ အမည်မသိ လူတစ်ချို့မှ ကျူးကျော်ဝင်ရောက်ခြင်း၊ နေအိမ်ဆောက်လုပ်ခြင်းများ တွေ့ရှိရပါသဖြင့် ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဖယ်ရှားထွက်ခွာပေးပါရန်နှင့် အကယ်၍ဖယ်ရှားထွက်ခွာခြင်းမပြုလုပ်ခဲ့ပါက ကျူးကျော်ဝင်ရောက်သူအပါအဝင် ကျူးကျော်ဝင်ရောက်ရန် စေခိုင်းသူ မည်သူကိုမဆို ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ကျော်၏
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သဲသဲမာ(LL.B)
တရားလွှတ်တော်ရှေ့နေ
အေးမေတ္တာလမ်း၊ ကုန်းတန်းကျေးရွာ
ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၀၉-၄၀၂၆၀၈၄၆၃

**အိမ်ပြင်ပဒ္ဓထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

❖ ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင် တာဝန်ရှိပြီး ဒေသကို ဦးဆောင်အုပ်ချုပ်နေသူများတွင်လည်း တာဝန်ရှိ...

❖ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဒေသအတွင်း ခရိုင်၊ မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်...

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ပြုလုပ်သော အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ရှင်းလင်းဆောင်ခန်းမ၌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် တာဝန်ရှိသူများက ဘဏ္ဍာရေးနှစ်အလိုက် စစ်မှုထမ်းဟောင်းအိမ်ရာအဆောက်အအုံများ တိုးချဲ့တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နေရာချထားပေးလျက်ရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ဆောက်ပြီးစီးသည့် အိမ်ရာများ၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ **စာမျက်နှာ ၁၈ ကော်လံ ၁ ☆**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်နေကြသည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက်(Live) ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၂

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပပုံများကို ဒီဇင်ဘာ ၃ ရက် **(ယနေ့)** နံနက် ၇ နာရီခွဲမှစတင်၍ MRTV–HD Channel၊ MWD HD Channel၊ MWD Variety HD Channel နှင့် MRTV Web & App တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ညောင်ဦးမြို့နယ် ပုဂံ–ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်–တောင်ဇင်းဘူတာအကြား တံတားအမှတ်(၁၅၇) အနီး ရထားသံလမ်းပျက်စီးမှုဖြစ်ပွား စာမျက်နှာ – ၂၀

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများကို အရေးယူ စာမျက်နှာ – ၂၁

